မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၀၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတဦးသိန်းစိန် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးတက်ရောက်

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ ထက်မြက်သည့်အမြင်၊ ခေါင်းဆောင်မှုနှင့် စွန့်စွန့်စားစားတာဝန်ဆောင်ရွက်ချက်များအတွက် UN ESCAP က ဂုဏ်ပြုချီးမြှင့်သော အသိအမှတ်ပြုဆုတံဆိပ်လက်ခံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးသို့တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E.Mr.Niwattumrong Boon Songpaisan နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူးဗိုလ်မှူးကြီးဝင်းမောင်၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ESCAP အဆောက်အအုံသို့ ရောက်ရှိကြရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr.Jan Eliasson နှင့် ESCAP အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer တို့က ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များသည် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဒုတိယအတွင်းရေးမှူးချုပ်က ဖတ်ကြားပြီး ESCAP အမှုဆောင် အတွင်းရေးမှူးက ဖွင့်ပွဲနှင့် မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တတ်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ဖော်ညွှန်းသည့် အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြသည်။

ထို့နောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzerက နိုင်ငံတော်သမ္မတဦးသိန်းစိန်အား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို

စာမျက်နှာ ၈ ကော်လံ ၁ ❊

မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲများကနေ ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်အသုံးချနိုင်ရန်အတွက် အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် Stakeholders အားလုံးပါဝင်သော ပွင့်လင်းသည့်ဆွေးနွေးမှုများကို အစပြုနေ။

ချီးမြှင့်ပေးအပ်

ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer က နိုင်ငံတော် သမ္မတဦးသိန်းစိန်အား ဆုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာ

ပူးတွဲစက်မှုဇုန်အတွင်းမှ အလုပ်သမားများ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ခေါ်ယူ

စာမျက်နှာ ➤ ၄

ကျန်းမာရေး

အချိုရည် တစ်နေ့တစ်ခွက်သောက်သုံးလျှင် ဆီးချိုနှင့် အဝလွန်မှုဖြစ်ပွားနိုင်

စာမျက်နှာ ➤ ၅

နိုင်ငံတကာအားကစား

ဝရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုနှင့် ဝါရက်ဘေးလ်

စာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒီမိုကရေစီနှင့်လွတ်လပ်ခြင်း

သင်္ကြန်ကာလကုန်လွန်ခဲ့ပြီ။ ယခုနှစ်သင်္ကြန်သည် ယခင်နှစ်များကထက် ပိုမိုစည်ကားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရပ်ကွက်များရှိ သင်္ကြန်မဏ္ဍပ်များအနီးတွင် မဏ္ဍပ်အကြီး အငယ်များထိုး၍ ရေကစားကြသည်မှာ မြင်ရသူများအတွက်ပင် ကြည်နူးပျော်ရွှင်ရသည်။ လွတ်လပ်စွာရေကစားကြသူများနှင့်အတူ လွတ်လပ်စွာ ကခုန်ကြသူများဖြင့် လမ်းမများပေါ်တွင် ပြည့်နှက်နေသည်ကိုလည်း အချို့နေရာများတွင် တွေ့ရသည်။ ပျိုပျိုရွယ်ရွယ်၊ ကြီးကြီးငယ်ငယ် အမျိုးသား အမျိုးသမီးတို့၏ ကပြသည်ကား မဏ္ဍပ်ဆီမှ လွှင့်ပျံ့လာသော စည်ကြိမ်းကြိမ်း တီးလုံးသံတို့နှင့်အတူ အားမာန်ပါလှသည်။

မြန်မာသင်္ကြန်သည် ရိုးရာပွဲတော်တစ်ရပ်ဖြစ်သည်နှင့်အညီ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည်ဖြစ်သော်လည်း ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုအရ အရိုးပေါ်အရွက်မဖုံးစေသည့် ခေတ်မီဆန်းသစ်လာမှုကို ကြိုဆိုကြရမည်သာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ဒီမိုကရေစီခေတ်တွင် ခေတ်မီစွာ ပြောင်းလဲဆန်းသစ်လာမှုကို ကြိုဆိုရမည်ဖြစ်သကဲ့သို့ လွတ်လပ်စွာ ပျော်ရွှင်လှုပ်ရှားမှုများကိုလည်း အားပေးကြရမည်ဖြစ်သည်။

သို့သော် ယခုနှစ်သင်္ကြန်ကာလအတွင်း လွတ်လပ်စွာ ပျော်ရွှင်လှုပ်ရှားမှုအချို့ကို ပြန်လည်သုံးသပ်ရန် လိုအပ်လာသည်။ ဒီမိုကရေစီ၏အနှစ်သာရသည် စည်းကမ်းဘောင်အတွင်း လွတ်လပ်စွာလှုပ်ရှားသွားလာနေထိုင်ခြင်းဖြစ်ရာ သင်္ကြန်ကာလအတွင်း ဒေသအချို့၌လွတ်လပ်စွာပျော်ရွှင်စွာလှုပ်ရှားခြင်းတို့သည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြစ်ပါရဲ့လားဟု သုံးသပ်ရန် လိုအပ်လာသည်။

ယခုနှစ်သင်္ကြန်သည် အထူးသဖြင့် နယ်မြို့များ၌ အထူးစည်ကားခဲ့သည်။ မြို့ပြအတွင်းနှင့် မြို့ပြအနီး၊ ကျေးရွာ၊ ရပ်ကွက်အတွင်းနှင့် ကျေးရွာ၊ ရပ်ကွက်အနီးလမ်းမများပေါ်တွင် ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများကို သင်္ကြန်ယာဉ်များအဖြစ် အသုံးပြု၍ လမ်းလုံးပြည့်ရေပက်စီးထွက်ကြသည်ကို တွေ့ရသည်။ ဤသည်မှာ ကျေးလက်နှင့်မြို့ပြဒေသများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာမှုကို ဖော်ပြသည့် ရုပ်ပိုင်းဆိုင်ရာ ပြယုဂ်တစ်ခုဖြစ်သော်လည်း လမ်းလုံးပြည့်ကခုန်ပြီး လမ်းကို ပိတ်ဆို့ထားခြင်း၊ လူငယ်အမျိုးသားအချို့က အမျိုးသမီးများ၏ ကာယိန္ဒြေကို မငဲ့ကွက်ဘဲ ပါးပြင်ထက်သနပ်ခါးအဝင်းအကျပ် လိမ်းခြယ်ပေးခြင်းတို့မှာ ဒီမိုကရေစီအနှစ်သာရနှင့် ကင်းကွာလျက်ရှိပေသည်။ ဤနေရာတွင် မြို့ပြကျေးလက်မကျန် ဒီမိုကရေစီနှင့်လွတ်လပ်ခြင်းဟူသည်တို့ကို ပေါင်းစပ်သိရှိနားလည်ထားရန် လိုအပ်လာသည်။

အချုပ်ဆိုရသော် လမ်းပေါ်တွင် လွတ်လပ်စွာကခုန်ခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဟု ဆိုခြင်းထက် အများကို မထိခိုက်သည့် စည်းကမ်းနှင့်အညီ လွတ်လပ်စွာ ကခုန်ခြင်းသည်သာ ဒီမိုကရေစီ၏ အနှစ်သာရဆိုသည်ကို လူတိုင်းသိရှိကြပါလျှင် တိုင်းပြည်အတွက် မည်မျှအကျိုးရှိလိမ့်မည်ဟု ပြီးခဲ့သည့် သင်္ကြန်အပေါ်အခြေခံ၍ တွေးဆသုံးသပ်ရင်း ပြည်သူအများ ဒီမိုကရေစီ၏အနှစ်သာရကို မှန်ကန်စွာရရှိ ခံစားရနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

နေပြည်တော် ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်း ဦးစီးမှူး ဦးဌေးအောင်က ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်တို့က တိုင်းဒေသကြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား ဒေသန္တရစီမံကိန်းတာဝန်များ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများက မိမိတို့ခရိုင်များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက နာဂဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆပ်ကော်မတီအသီးသီးက မိမိတို့ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြကာ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သုံ့ပရိဘောဂပြပွဲဖွင့်

ရန်ကုန် ဧပြီ ၂၉

အိမ်သုံးပရိဘောဂပစ္စည်းများ၊ ပြည်တွင်းဈေးကွက်အတွင်းနှင့် သုံးစွဲသူတို့အကြား ထိုက်ရိုက်ရောင်းချနိုင်စေရန် ပရိဘောဂပစ္စည်းများအား ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် အားနည်းချက် အားသာချက်ကိုသိရှိရန်၊ အရည်အသွေးကို ပိုမိုမြှင့်တင်နိုင်စေရန်နှင့်ဈေးနှုန်းယှဉ်ပြိုင်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတကာအဆင့်မီ ပရိဘောဂပြပွဲကြီးဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် မုက်သံ့အကြိုပရိဘောဂပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်၊ Thousand Islands Business Group အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထိုပြပွဲတွင် ပြခန်းပေါင်း ၁၆၄ ခန်း၊ ကုမ္ပဏီပေါင်း ၃၄ ခုတို့မှ ပရိဘောဂပစ္စည်း ဝယ်ယူသူများအား အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် ပြပွဲ၌ပရိဘောဂပစ္စည်းများအား ပြခန်းအတွင်းရှိ ကုမ္ပဏီ ထုတ်ခုတွင် ငါးသိန်းဖိုးနှင့်အထက် ဝယ်ယူအားပေးသောပြည်သူများအား ပရိဘောဂပစ္စည်းများ ဗလာမပါကံစမ်းမဲပေးမည့် အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

ပြပွဲကို ဧပြီ ၂၆ ရက်မှ ၂၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသရောင်းချသွားမည်ဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

ဗန်းမော် သီရိရတနာဈေး အမှိုက်ပုံ အမှိုက်ကားကိုမျှော်နေရ

ထင်သာမြင်သာမြူပြင်စကာ

ဗန်းမော် ဧပြီ ၂၉

ဗန်းမော်မြို့ သီရိရတနာဈေး၏ အနောက်ဘက် ဝင်ပေါက်ထံတားထိပ် အမှိုက်ပုံကြီးသည် သိမ်း၍မကုန်၊ ကျုံးပစ်လို့မနိုင်၊ တံတားနှင့်လူနေအိမ်အကြား အမှိုက်များထားဝရရှိနေ၍ ဈေးသည်များနှင့် ဈေးသွားဈေးလာများ ကျန်းမာရေးထိခိုက်စေနိုင်သည်၊ ဈေးသည်များ၏ အမှိုက်များနှင့် ရပ်ကွက်နေပြည်သူများက အမှိုက်ပစ်ကြသဖြင့် အမှိုက်များကာ ကားသယ်ယူမှု နည်းနေကြောင်း ဈေးသည်များက ပြောသည်။

"အမှိုက်ကား လာကျုံးတာ ပုံမှန်မရှိဘူး တစ်နေ့တစ်ခေါက်လာကျုံးတယ်။ နှစ်ခေါက်လာကျုံးလည်း အမှိုက်တွေက ကျန်နေတာပဲ"ဟု ဈေးသည်တစ်ဦးက ပြောပြသည်။

အမှိုက်ကား ပုံမှန်မလာပါက အမှိုက်များ ကားလမ်းမပေါ်အထိ ရောက်ရှိပြီး ပူပြင်းခြောက်သွေ့ရာသီဖြစ်၍ အမှိုက်ပုံကြီး၏ လောင်စာများကြောင့် ပြည်သူများ မီးဘေးအန္တရာယ်စိုးရိမ်နေကြရကာ ကျန်းမာရေး ညီညွတ်စေရေးအတွက် အမှိုက်စွန့်ပစ် သိမ်းဆည်းစနစ် စီမံကိန်း ချမှတ်ဆောင်ရွက်သင့်ကြောင်း အကြံပြုထင်မြင်ပြလိုက်ရပေသည်။

သီမီးခဲ့-နန်းရီ

စာအောင်သံဃာများ ဝတ္ထုလှူ

ရမည်းသင်း ဧပြီ ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့် ၁၃၇၄ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲတွင် ရမည်းသင်းမြို့ စာဖြေဌာနက အောင်မြင်ခဲ့ကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းဆက်ကပ်ပွဲကို ဧပြီ ၇ ရက် နံနက် ၈ နာရီတွင် ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်ကွင်း ကျင်းပမည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

အဆိုပါစာမေးပွဲတွင် ရမည်းသင်း စာဖြေဌာနမှ ဝိနယထစ်ပါးထစ်သိန်း ဓမ္မာစရိယတစ်ပါး ၈၀၀၀၀ စီ နှစ်ပါး၊ ပထမကြီးတန်း ထစ်ပါး ၅၀၀၀၀ စီ အပါး ၂၀၊ ပထမလတ်တန်း ကစ်ပါး ၄၀၀၀၀ စီ ၁၂ ပါး၊ ပထမငယ်တန်း တစ်ပါး ၃၀၀၀၀ စီ ၂၂ ပါးတို့အား စေတနာရှင်ပြည်သူများက ဆက်ကပ်ကြမည်ဖြစ်ပြီး ပဉ္စသံဃာတစ်ပါး ၁၅၀၀၀ ဖြင့် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

(ဝ၁၁)

သုံးခွမြို့၌ ဟန်းဆက်များ အရောင်းသွက်

သုံးခွ ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် တန်ဖိုးနည်း ၁၅၀၀ ကျပ်တန် မိုဘိုင်းဖုန်း ဆင်းကတ်များကို မဲနှိုက်စနစ်ဖြင့် ပြုလုပ်ရောင်းချပေးမှုနှင့်အတူ CDMA -800 MHz စနစ်အမျိုးအစား မိုဘိုင်းဖုန်း ဟန်းဆက်များ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ဖုန်းတာဝါတိုင်နှင့် ဝါးမိုင်အကွာအဝေးအတွင်းသာ ဆက်နိုင်သည်။ ဖုန်းဆက်ခ တစ်လ ၂၅၀၀ ကျပ် မဖြစ်မနေအသုံးပြုရမည်ဟု ပြောဆိုကြသဖြင့် အချို့မှာ နောက်တွန့်သွားသော်လည်း ယခုလက်တွေ့ကွင်းမှုအသံမှာ ကြည်လင်ပြတ်သားမှုရှိကြောင်း၊ အထိုင်ဖုန်းနှင့်ထည်း အသုံးပြုနိုင်ပြီး နိုင်ငံခြားသို့ပင် ခေါ်ဆိုနိုင်သဖြင့် သဘောကျနှစ်ခြိုက်ကြသောကြောင့် နောက်လတွင် လျှောက်ထားသူ ယခုလထက် များနိုင်ကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ဧပြီလခွဲတမ်းအတွက် ဆင်းကတ် ၁၃၀၀ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သုံးခွမြို့တွင် ဟန်းဆက်အရောင်းဆိုင် ၁၄ ဆိုင်ရှိပြီး တန်ဖိုးနည်းဖုန်းရောင်းချမှုကို ကြိုဆိုသော်လည်း မဲနှိုက်သည့်စနစ်ကို မကြိုက်ကြကြောင်း သိရသည်။ ယခု ၁၅၀၀ တန်ဆင်းကတ်များမှာ ပြင်ပတွင် ၄၀၀၀၀ ပေါက်နေသည်ဟု သိရပြီး GSM စနစ်အမျိုးအစားဖုန်း ကြိုတင်ဝယ်ယူထားသူများမှာ အခက်တွေ့နေရကြောင်း၊ CDMA- 800 MHz ၁၅၀၀ တန် ဟန်းဆက်အမျိုးအစားများမှာ ဟာဝေး အမျိုးအစား(၃၀၀၀၀ ကျပ်မှ ၁၅၀၀၀၀ အထိ)၊ ဆမ်ဆောင်း အမျိုးအစား (၂၂၀၀၀ မှ ၈၀၀၀၀ အထိ) ဟန်းဆက်များ အရောင်းသွက်ကြောင်း သိရှိရသည်။

ကိုကျော်(သုံးခွ)

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

သိန်းဂဏန်းကျန်ရှိသည့် ဒုက္ခသည်မိသားစုများကို အမြန်ဆုံး အမိုးအကာအောက်ရောက်ရှိအောင် အခန်းတွဲလူနေအိမ်တန်းများ အမြန်တည်ဆောက်၍ အချိန်မီပြောင်းရွှေ့ရေးလုပ်ဆောင်သွားကြ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးမောင်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်ရီ၊ ဦးအေးဖြင့်၊ ဒေါက်တာမြအေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ (၇)ဖွဲ့ကိုလည်း ၂၀၁၃ ခုနှစ် မတ် ၂၉ ရက်တွင် ထပ်မံဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုကော်မတီ၏ Focal Ministry သည် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများက လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတမှ ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်တွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး အထူးအစည်းအဝေးခေါ်ယူကာ လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ ထို့ကြောင့် မိုးမကျမီ လာမည့် နှစ်လတာ ကာလအတွင်း အမြန်ဆုံးအကောင်အတည်ဖော်ပေးရန် ဖြစ်သော ဦးစားပေးလုပ်ငန်းသည် ဒုက္ခသည်မိသားစုများ အမိုးအကာအောက်ရောက်ရှိရေးပင်ဖြစ်ပါကြောင်း၊ သိန်းဂဏန်းကျန်ရှိသည့် ဒုက္ခသည်မိသားစုများကို အမြန်ဆုံး အမိုးအကာအောက်ရောက်ရှိအောင် လုပ်နိုင်သောနည်းလမ်းဖြစ်သည့် အခန်းတွဲ လူနေအိမ်တန်းများ အမြန်တည်ဆောက်၍ အချိန်မီပြောင်းရွှေ့ရေး လုပ်ဆောင်သွားကြရန် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအားလုံးအား နိုင်ငံသားဟုတ် မဟုတ် ဥပဒေနှင့်အညီ စိစစ်ရာ၌ အခက်အခဲမျိုးစုံ ကြုံတွေ့ရမည်ဖြစ်သော်လည်း နှစ်ဖက်ရပ်မိရပ်ဖများ၊ UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား အသိသက်သေထား၍ ပြီးပြတ်အောင် စိစစ်ကောက်ယူသွားရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအလိုက်ရခိုင်ပြည်နယ်သို့ လိုအပ်သလို ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် လူမျိုးစုံ၊ လူမှုရေး၊ ဘာသာရေး၊ ဒေသ၏သမိုင်းကြောင်းကိစ္စများပါဝင်နေသည်အတွက် သိမ်မွေ့နက်နဲသည် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေတိုရေရှည်စီမံချက်များနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရေတို ရေရှည်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများတမှ စီမံခန့်ခွဲကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အတွင်း သင့်တော်သည် နေရာများ၌ အလှည့်ကျ အခြေပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမှသာ ထိရောက်မည်ဖြစ်သည့်အတွက် စီမံခန့်ခွဲကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားကြရမည့် ဖြစ်ပါကြောင်း၊ တို့သို့ အလှည့်ကျ အခြေချစီမံကွပ်ကဲရေးကော်မတီတို့မှ အနီးကပ်ကြီးကြပ်ပြီး လိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် အခြားလူမှုရေးလိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

တို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ပါရှိသည့် ဆောင်ရွက်ရန်လိုအပ်သည့် အချက်အလက်များ၊ လုပ်ငန်းကော်မတီများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ ရေတိုရေရှည် စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းယာယီနေရာချတားရေးနှင့်ပြန်လည်တူတောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည် လုပ်ငန်းအစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကလူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး၊ လုံခြုံရေးနှင့်နယ်မြေ စိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ကာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေကြသော်လည်း စာရင်းဇယားနှင့် မြေပြင်ပကတိအခြေအနေကွဲလွဲမှုများ ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အားနည်းလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး ကွင်းဆင်းဆောင်ရွက်ရန်နှင့် ပြည်နယ်အစိုးရအား ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော ဗဟိုကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များဖြစ်ကြသည် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများကို ပြောရေးဆိုခွင့်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်တားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း အောင်မြင်စွာအကောင်အတည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပူးတွဲစက်မှုဇုန်အတွင်းမှ အလုပ်သမားများ တောင်ကိုရီးယားနိုင်ငံမှ ပြန်လည်ခေါ်ယူ

ဆိုးလ် ဧပြီ ၂၉

မြောက်ကိုရီးယားနိုင်ငံအတွင်း ပူးတွဲစက်မှုဇုန်တစ်ခု အတွင်းမှ တောင်ကိုရီးယားနိုင်ငံက ၎င်း၏ အလုပ်သမားများအား လုပ်ငန်းထိခိုက်မှုမရှိစေရန် ထွက်ခွာကြလိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ကြေညာကြောင်း ဧပြီ ၂၉ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ကီဆောင်စက်မှုဇုန်အတွင်းမှ တောင်ကိုရီးယားနိုင်ငံသား စုစုပေါင်း ၁၂၅ ဦးသည် ဧပြီ ၂၇ ရက်က ထွက်ခွာသွားကြသည်။ လက်ရှိ ၅၀ ကျန်ရှိနေသေးရာ ဧပြီ ၂၉ ရက်တွင် ရုပ်သိမ်းလိမ့်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက ပြောသည်။ မြောက်ကိုရီးယားက ၎င်း၏ အလုပ်သမားများကို ပြန်ခေါ်ပြီး ယင်းစက်မှုဇုန်ကိုစွဆေးနွေးရန် ပယ်ချလိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံထလည်း စက်ရုံအလုပ်သမားများပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလက မြောက်ကိုရီးယားနိုင်ငံက တတိယအကြိမ် နျူကလီးယား စမ်းသပ်ဖောက်ခွဲခဲ့ပြီးနောက် တင်းမာမှုများ အရှိန်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့က ပူးတွဲစစ်ရေးလေ့ကျင့်ပြီး ဖေဖော်ဝါရီတွင် နျူကလီးယားစမ်းသပ်ခဲ့ပြီးနောက် ကုလသမဂ္ဂက အရေးယူပိတ်ဆို့ခဲ့သဖြင့် ပြိုယမ်းက ဒေါသထွက်လျက်ရှိသည်။

ကီဆောင်စက်မှုဇုန်သည် ၂၀၀၃ ခုနှစ်က ကိုရီးယားနိုင်ငံ အချင်းချင်းဆက်ဆံမှုတိုးမြှင့်သည့်အနေဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းစက်မှုဇုန်သည် မြောက်ကိုရီးယားနိုင်ငံအတွင်း၌ တည်ရှိသည်။ မြောက်ကိုရီးယားအလုပ်သမားများအား အလုပ်အကိုင်ခန့်ထားပေးသော တောင်ကိုရီးယားကုမ္ပဏီ ၁၂၃ ခုသည် တောင်ကိုရီးယားနိုင်ငံသို့ပြန်လာကြသည်။ **(ဘီဘီစီ)**

လက်ဘနွန်၌ ဆီးရီးယားဒုက္ခသည် ၄၄၄၀၀၀ ကျော်ရှိနေ

ဘေရွတ် ဧပြီ ၂၉

ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အိမ်နီးချင်းလက်ဘနွန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာသော ဆီးရီးယားဒုက္ခသည်ဦးရေမှာ ၄၄၄၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဧပြီ ၂၉ ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြထား

လက်ဘနွန်နိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားသည့် ဆီးရီးယားဒုက္ခသည် ၃၃၀၀၀၀ ရှိနေပြီး ကျန်သည့် ၁၁၃၀၀၀ ကျော်မှာ ဒုက္ခသည်မှတ်ပုံတင်စာရင်းသွင်းရန် စောင့်ဆိုင်းနေဆဲဖြစ်သည်ဟု ယင်းအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံမြောက်ပိုင်းတွင် လောလောဆယ်၌ ဆီးရီးယားဒုက္ခသည် ၁၃၇၀၀၀ ဦး၊ ဘီကီးရားဒေသတွင် ၁၁၉၀၀၀ ဦး၊ ဘေရွတ်မြို့နှင့် မောင့်လက်ဘနွန်အရပ်တွင် ၄၅၀၀၀ ဦး၊ လက်ဘနွန် တောင်ပိုင်းတွင် ၂၈၀၀၀ ဦးတို့ အသီးသီးရှိနေသည်။

ဆီးရီးယားဒုက္ခသည်ဦးရေ တဖြည်းဖြည်းတိုးမြင့်လာခြင်းသည် လက်ဘနွန်နိုင်ငံအတွက် အခက်အခဲများ ကြုံတွေ့ရလျက်ရှိရာ ဒုက္ခသည်ဦးရေသည် လက်ဘနွန်နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။ **(ဆင်ဟွာ)**

မော်စကိုသို့ အလည်အပတ်ခရီး ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုမှု ခံယူနေစဉ်။

ရုရှားနှင့်ဆက်ဆံရေး ပြန်လည်စတင်မည်

တိုကျို ဧပြီ ၂၉

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မော်စကိုသို့ ဆယ်စုနှစ်တစ်ခုအတွင်း ဝထမဆုံးဂျပန်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ်ကို ဧပြီ ၂၈ ရက်က စတင်ထွက်လာပြီး ရုရှားနိုင်ငံနှင့် ဆက်ဆံမှုများ ပြန်လည်အသက်သွင်းရန် ကတိကဝတ်ပြုပြောကြားခဲ့ကြောင်း ဧပြီ ၂၉ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတ အာဏာရရှိခဲ့သူ အာဘေးသည် ၎င်း၏ ဦးစားပေးကိစ္စများအနက်မှ တစ်ခုဖြစ်သည့် ရုရှားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ခဲ့သည်။ အာဘေးသည် ၎င်း၏သုံးရက်တာ ချစ်ကြည်ရေးခရီးစဉ်အတွင်း သမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံမည်ဖြစ်သည်။

သမ္မတဗလာဒီမာပူတင်နှင့် ပုဂ္ဂိုလ်ရေးဆက်ဆံမှုတွင် ယုံကြည်မှုတစ်ခုတည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းခရီးစဉ်မထွက်မီ တိုကျိုရှိ သတင်းထောက်များအား ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ရုရှားနှင့် ဂျပန်တို့သည် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို တရားဝင်လက်မှတ်ရေးထိုးခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်အပေါ် စေ့စပ်ဆွေးနွေးမှုများ ဆိုင်းငံ့ထားမှုကို ယခုခရီးစဉ်တွင် ပြန်လည်စတင်မည်ဖြစ်ပြီး ဂျပန်-ရုရှား ဆက်ဆံမှုများကိုလည်း မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

ဒါကာအထည်ချုပ်စက်ရုံပြိုကျမှု၌ အသက်ရှင်သူ ထပ်မံမရှိနိုင်

ဒါကာ ဧပြီ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထည်ချုပ်စက်ရုံပါ ရှစ်ထပ်အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ဧပြီ ၂၉ ရက်အထိ ကယ်ဆယ်မှုများ ဆက်လက်ပြုလုပ်ခဲ့ရာ အသက်ရှင်သူ ထပ်မရှိနိုင်တော့ဟု တာဝန်ရှိသူများကဆိုထားသည်။ ဧပြီ ၂၄ရက်က ပြိုကျခဲ့သော ရာနာပလာဇာ အထည်ချုပ်စက်ရုံ ၌ သေဆုံးသူ အနည်းဆုံး ၃၈၀ ရှိကာ အဆောက်အအုံကွန်ထရစ်ပြားများဖော်၍ ကယ်ဆယ်ရေးများလုပ်ဆောင်နေဆဲဖြစ်သည်။ ယင်းအဆောက်အအုံပြိုကျမှုကြောင့် ဒီဇိုင်းရေးဆွဲခဲ့သူ အင်ဂျင်နီယာနှစ်ဦးအပါအဝင် အဆောက်အအုံပိုင်ရှင်အား ပေါ့ဆမှုဖြင့် တရားစွဲဆိုထားသည်ဟု သိရသည်။ **(ဘီဘီစီ)**

ပစိဖိတ်သမုဒ္ဒရာအတွင်း မိုးပျံပူဖောင်းပျက်ကျ

လီမာ ဧပြီ ၂၉

ပစိဖိတ်သမုဒ္ဒရာအတွင်း မိုးပျံပူဖောင်းပျက်ကျသွားခဲ့ပြီးနောက် လူနှစ်ဦးပျောက်ဆုံးနေကြောင်း ပီရူးတာဝန်ရှိသူများကပြောကြားချက်ကို ဧပြီ ၂၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ မိုးပျံပူဖောင်းနှင့်အတူ စီးနင်းလိုက်ပါသွားသော အမျိုးသမီးငါးဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း မိုးပျံပူဖောင်းမောင်းနှင်သူနှင့် အခြားအမျိုးသားတစ်ဦးမှာ တွေ့ရှိခြင်းမရှိသေးကြောင်း တာဝန်ရှိသူများက ပြောသည်။

၎င်းမိုးပျံပူဖောင်းစီးသူများသည် အသက်ကယ် အင်္ကျီ တစ်ဦးမျှဝတ်ဆင်ထားခြင်းမရှိသည့်အတွက် ပီရူးပြည်ထဲရေးဝန်ကြီး ပတ်ဒရာဇာက မိုးပျံပူဖောင်း ပိုင်ရှင်ဂလိုဘော့စ်ပီရူး အက်စ်အေစီကို အပြစ်ဖို့ပြောဆိုလျက်ရှိသည်။

ပီရူးရေတပ်၊လေတပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ပျောက်ဆုံးသူနှစ်ဦးအား ပင်လယ်အတွင်း ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ စေတနာ့ဝန်ထမ်းများကလည်း ကိုယ်ပိုင်လှေများဖြင့် ဝိုင်းဝန်းရှာဖွေပေးလျက်ရှိသည်။ မိုးပျံပူဖောင်းနှင့်အတူ လိုက်ပါသွားသော အမျိုးသမီးငါးဦးသည် မိုးပျံပူဖောင်းခြင်းတောင်းအတွင်းရှိနေကြပြီး အဆိုပါပျောက်ဆုံးသူများသည် ကမ်းခြေသို့ ရေကူးကြဟန်ရှိသည်ဟု သတင်းများက ဆိုသည်။ **(ဘီဘီစီ)**

မာလီနိုင်ငံမြောက်ပိုင်းမှ ပြင်သစ်တပ်ဖွဲ့ဝင်များ ဆုတ်ခွာ

မာလီ ဧပြီ ၂၉

ပြင်သစ်တပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာသည် အနောက်အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် လအတန်ကြာတွင် နိုင်ငံမြောက်ပိုင်း တမ်ဘွတ်တူမြို့မှ ဆုတ်ခွာသွားခဲ့ကြကြောင်း သိရသည်။

ပြင်သစ်စစ်သား ၁၀၀ ခန့်သည် မာလီနိုင်ငံအရှေ့မြောက်ပိုင်း ဂါအိုမြို့သို့ နေရာပြောင်းရွှေ့ခဲ့ကြကြောင်း ပြင်သစ်တပ်ဖွဲ့မှ ဗိုလ်မှူးကြီး စီရီလီဇမ်မားက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။

ဘာကီနာဘာတပ်ရင်းနှင့်အတူ လုပ်ငန်းများဆောင်ရွက်နိုင်မည့် ပြင်သစ်တပ်ဖွဲ့ဝင်အနည်းငယ်ကိုသာ တမ်ဘွတ်တူမြို့တွင် ဆက်လက်ကျန်ရှိမည်ဖြစ်ကြောင်း၊ ဘာကီနာဖာဆိုမှ စစ်သားများသည် ပြီးခဲ့သည့်သတင်းပတ်က နိုင်ငံမြောက်ပိုင်းမြို့အတွင်း လုပ်ငန်းတာဝန်များကို တရားဝင်လွှဲပြောင်းယူခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အတည်ပြုခဲ့

ထိုအတောအတွင်း ယခုနှစ်နှောင်းပိုင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများ ရောက်ရှိလာသည့် အချိန်အထိ လက်နက်ကိုင်အုပ်စုများအား တိုက်ခိုက်ရန် မာလီနိုင်ငံအတွင်း တပ်ဖွဲ့ဝင် ၁၀၀၀ ထားရှိမည်ဖြစ်ကြောင်း ပြင်သစ်ကာထွယ်ရေးဝန်ကြီး ဂျင်းဗတ်စ်လီဒရိန်းက အတည်ပြုခဲ့သည်။ **(ဝရက်စ်တီဗွီ)**

ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျင်းဗတ်စ်လီဒရိန်းက မာလီနိုင်ငံရှိ ပြင်သစ်စစ်သားများနှင့် တွေ့ဆုံနေစဉ်။

တင်မောင်လွင်-စုစည်းသည်

ရတက်မအေးရတဲ့ တောင် – မြောက် ကိုရီးယားအရေး

တောင်ကိုရီးယားနိုင်ငံက တွေ့ဆုံဆွေးနွေးဖို့ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားတို့က ငြင်းဝယ်ခဲ့တာမို့ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားနှစ်နိုင်ငံပူးတွဲလုပ်ကိုင်နေတဲ့ ကီဆောင်စက်မှုဇုန်က တောင်ကိုရီးယားအလုပ်သမားတွေအားလုံးကို နေရပ်ပြန်လာကြဖို့ တောင်ကိုရီးယားအစိုးရက အမိန့်ထုတ်လိုက်ပြီဖြစ်လို့ တောင်ကိုရီးယားအလုပ်သမားတွေ နေရပ်ကိုပြန်လာနေပြီ ဖြစ်ပါတယ်။

ဖမောင်မဟာ

ကီဆောင်စက်မှုဇုန်အတွင်းမှာ လုပ်ကိုင်နေတဲ့ တောင်ကိုရီးယားအလုပ်သမားတွေ အများအပြားကတော့ ပြီးခဲ့တဲ့ရက်တွေအတွင်းကပဲ နေရပ် တောင်ကိုရီးယားကို ပြန်လည်ထွက်ခွာခဲ့ပြီဖြစ်ပါတယ်။ အခုနောက်ဆုံးလက်ကျန် အလုပ်သမားတွေအားလုံး ကီဆောင်စက်မှုဇုန်က ထွက်ခွာဖို့ အမိန့်ထုတ်ထားတာမို့ အလုပ်သမား ၁၂၆ ဦးဟာ ကီဆောင်စက်မှုဇုန်က ထွက်ခွာနေကြပြီး လာမယ့်ဧပြီ ၂၉ ရက်မှာ အပြီးထွက်ခွာသွားကြရမှာဖြစ်ပါတယ်။

မြောက်ကိုရီးယားတို့ရဲ့ တုံ့ပြန်မှုကြောင့် ကြိုးစားပမ်းစားထူထောင်တည်ဆောက်ထားရတဲ့ ကီဆောင်စက်မှုဇုန်ရဲ့ လည်ပတ်နေမှုဟာ ရပ်တန့်သွားခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအဖြစ်အပျက်ဟာ တကယ့်ကို ဝမ်းနည်းစရာကောင်းတဲ့ ဖြစ်ရပ်ပါပဲလို့ အဲဒီကီဆောင်စက်မှုဇုန်လုပ်ငန်းတွေမှာ ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်တွေက ဆိုနေကြပါတယ်။

ကီဆောင် စက်မှုဇုန်ကြောင့် မြောက်ကိုရီးယား နိုင်ငံသားပေါင်းများစွာ အလုပ်အကိုင်တွေရရှိနေတာဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံအတွက် နေ့စဉ်ဝင်ငွေရစေတဲ့ စက်မှုဇုန်လည်းဖြစ်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံသား အလုပ်သမား ၅၃၀၀၀ ကို အလုပ်အကိုင်ပေးနိုင်ခဲ့သလို ဝင်ငွေတွေလည်း ရရှိစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအလုပ်သမားတွေ လုပ်ငန်းခွင်ဝင်ဖို့ လုပ်ခလစာငွေတွေရရှိဖို့၊ ကုန်ထုတ်ပစ္စည်းမျိုးစုံကို နိုင်ငံတကာကို ဖြန့်ဝေပေးဖို့အတွက် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်တွေက နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေခဲ့တာဖြစ်ပါတယ်။

ဒီလို တောင်ကိုရီးယားအလုပ်သမားတွေကို ပြန်ခေါ်လိုက်တာဟာ မိမိတို့နိုင်ငံသားအလုပ်သမားတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးဖို့အတွက်ဖြစ်တယ်လို့ တောင်ကိုရီးယားနိုင်ငံရဲ့ နှစ်နိုင်ငံပေါင်းစည်းရေးဝန်ကြီး ရိုကီဂျေက ပြောကြားလိုက်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ အမျိုးသားကာကွယ်ရေးကော်မရှင်ကတော့ အမေရိကန်နဲ့ တောင်ကိုရီးယားတို့ရဲ့နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ ရှိနေရင် တွေ့ဆုံဆွေးနွေးပွဲ မဖြစ်နိုင်ဘူးလို့ တုံ့ပြန်ထားပါတယ်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ဖို့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် တောင်းဆိုမှုတွေဟာ ရှိကောင်းရှိနိုင်ပေမယ့် ကီဆောင်စက်မှုဇုန် ပိတ်ထားရတဲ့အခြေအနေကတော့ မဖြစ်သင့်ဘူးလို့ တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းအမျိုးသားတက္ကသိုလ်ရဲ့ နိုင်ငံရေးသိပ္ပံပါမောက္ခ လီဟိုချူက သုံးသပ်ပြောကြားနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တောင်ကိုရီးယားနဲ့ အမေရိကန်တို့ရဲ့ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ဧပြီ ၂၆ ရက်မှာ ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ တောင်ကိုရီးယား နိုင်ငံတောင်ပိုင်း ပိုဟန်မြို့ ဝေဟင်ပေါ်မှာ တိုက်လေယာဉ်တွေက စစ်ရေးလေ့ကျင့်ပျံသန်းမှုတွေ ပြုလုပ်ခဲ့သလို ရေနဲ့ကုန်းနှစ်မျိုးအသုံးပြုနိုင်တဲ့ စစ်သုံးယာဉ်တွေလည်း ပါဝင်လေ့ကျင့်ခဲ့ကြပါတယ်။

ဒီလို ပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ စစ်ပွဲတစ်ရပ်ဆင်နွှဲဖို့ ဦးတည်ပြင်ဆင်မှုတွေဖြစ်တယ်လို့ မြောက်ကိုရီးယားတို့က စွပ်စွဲနေပါတယ်။ ဒါကြောင့် အမေရိကန်နဲ့ တောင်ကိုရီးယားတို့ရဲ့ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အဆုံးသတ်ရမယ်လို့ ဆိုနေတာဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ ကီဆောင်စက်မှုဇုန်ဟာ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းမှုကို အထောက်အကူပြုနေတာဖြစ်ပေမယ့် အခုလိုနှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေချိန်မှာတော့ နစ်နာထိခိုက်မှုတွေဖြစ်ပေါ်စေခဲ့ပြီဖြစ်ပါတယ်။ ကီဆောင်စက်မှုဇုန်အတွင်းမှာ အချို့တောင်ကိုရီးယား အလုပ်သမားတွေ ရှိနေပေမယ့် အမြန်ဆုံး ထွက်ခွာကြဖို့ အမိန့်ပေးထားပါတယ်။

ဒီလိုအခြေအနေမျိုးမှာ မြောက်ကိုရီးယားတို့က နျူကလီးယားလက်နက်စမ်းသပ်မှုတစ်ရပ် ထပ်မံပြုလုပ်ဦးမယ်လို့ဆိုထားတာမို့ ကမ္ဘာတစ်ဝန်းက မြောက်ကိုရီးယားရဲ့ အနေအထားကိုစောင့်ကြည့်အကဲခတ်လျက်ရှိနေပါတယ်။ ။

အချိုရည် တစ်နေ့တစ်ခွက် သောက်သုံးလျှင် ဆီးချိုနှင့်အဝလွန်မှု ဖြစ်ပွားနိုင်

အချိုရည်များကို တစ်နေ့လျှင် တစ်ခွက်ခန့် သောက်သုံးပါက အသက်အရွယ်ရလာသောအခါ ဆီးချိုရောဂါဖြစ်ပွားရန် ရာခိုင်နှုန်းများ ပြားလျက်ရှိကြောင်း အမေရိကန်ကျန်းမာရေးသုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်ကျန်းမာရေးသုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ တစ်နေ့လျှင် တစ်ခွက်နှုန်း အချိုရည်သောက်သုံးပါက တစ်လခန့်အကြာ၌ပင် အဆင့်-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်မှုနှုန်း များလာကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

တစ်ဖန် အချိုပါရှိသော အစားအစာများနှင့် အချိုရည်များသောက်သုံးခြင်းသည် ခန္ဓာကိုယ်အလေးချိန်တိုးစေသည့် အချက်တစ်ချက်အဖြစ်လည်း ပါဝင်နေကြောင်း တွေ့ရှိရသည်ဆို၏။ ထိုသို့ အချိုရည်သည် ဆီးချိုနှင့် အဝလွန်မှုတို့ဖြင့် ဆက်စပ်နေမှုကို ဗြိတိန်၊ ဂျာမနီ၊ ဒိန်းမတ်၊ အီတလီ၊ စပိန်၊ ဆွီဒင်၊ ပြင်သစ်နှင့် နယ်သာလန်တို့တွင်လည်း သုတေသနပြုချက်များ၌ တွေ့ရှိခဲ့သည်။

ထို့အတူ အမျိုးသား အမျိုးသမီး ၃၅၀၀၀၀ ခန့် သုတေသနပြုခဲ့ရာ အချိုရည်သောက်သုံးမှုများသည် ကင်ဆာဖြစ်ပွားမှုနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ နေ့စဉ် အချိုရည်တစ်ခွက်ခန့်သာ သောက်သုံးသော်လည်း ဆီးချိုနှင့် အခြားရောဂါဆိုးများ ဖြစ်ပွားနိုင်မှုနှုန်းများကြောင်းတွေ့ရှိခဲ့သည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒိုရာရိုမာဂွီရာက ပြောကြားသည်။

အချိုရည်ဟုဆိုသော်လည်း သစ်သီးဖျော်ရည်များမှာမူ ဆိုးကျိုးသက်ရောက်မှုမရှိကြောင်း၊ စီးပွားဖြစ်ထုတ်လုပ်ရောင်းချနေသော အချိုရည်များအား သောက်သုံးခြင်းသည်သာ အဝလွန်မှုနှင့် ဆီးချိုရောဂါဖြစ်ပွားမှု ဆက်စပ်နေကြောင်း ၎င်းက ပြောကြားသည်။ **(ဘီဘီစီ)**

မောင်သစ္စာ–ရေးသားသည်

နိုင်ငံတကာသတင်းနှင့်ဆောင်းပါး

တိုက်ခိုက်ရေးသမားများ ပြန်လွှတ်ပေးရန် တောင်းဆို

ဟားမတ်စ်အကျဉ်းစခန်းများအတွင်း ဖမ်းဆီးထားသော ပါလက်စတိုင်းအကျဉ်းသားများ၏ မိသားစုများ ဧပြီ ၂၈ ရက်က ဂါဇာစီးတီးသို့ စုရုံးရောက်ရှိလာပြီး ဖမ်းဆီးထားသည့် ယင်းတို့၏သားများကို လွှတ်ပေးရန်တောင်းဆိုလိုက်သည်။

လူတစ်ကိုယ်လုံးကို အမည်းရောင်ဝတ်စုံဝတ်ဆင်ထားသော အမျိုးသားများနှင့် ကလေးများက ဂါဇာမြို့ အဓိကလမ်းမကြီးများတစ်လျှောက် ချီတက်၍ ယင်းတို့၏သားများကို လွှတ်ပေးကြပါရန် တောင်းဆိုထားသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ချီတက်ခဲ့ကြသည်။

ဟားမတ်စ်နှင့် အစ္စရေးတို့သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ဟားမတ်စ်နှင့်အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေး အီဂျစ်က ကြားဝင်ဖျန်ဖြေပေးခဲ့ပြီးနောက် အယ်လ်ခိုင်ဒါအစွန်းရောက်များနှင့်အတူ ဆာလာဖီအဖွဲ့ဝင်များနှင့်ဆက်သွယ်ကာ အစ္စရေးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်လျက်ရှိသည်။ ဂါဇာကိုထိန်းချုပ်ထားသော ဟားမတ်စ်တို့က ဆာလာဖီအဖွဲ့ကို နှိမ်နင်းခဲ့သည်။

မြင့်မောင်စိုး–ရေးသည်

ကျော့ဖုံးမှ

မြေပေါ်သို့လှိမ့်စဉ်ကျလာခြင်းဖြစ်သည်ဟု သိရှိရသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ချက်ချင်းရောက်ရှိလာပြီး ဖြစ်စဉ်ကို စစ်ဆေးသည်။ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိသည်။ မဖြိုးပွင့်ဖြူ(ခ)မဘိုမသည် မင်္ဂလာတောင်ညွန့် အလက(၁)တွင် ရှစ်တန်းအောင်၍ ကိုးတန်းတက်ရောက်မည့်ကျောင်းသူတစ်ဦးဖြစ်ကြောင်း၊ ယာဘက်လက်အဆစ်လွဲသွားသဖြင့် ကျောက်ပတ်တီးစီးထားကာ ဧပြီ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် သတိရလျက်ရှိကြောင်း ဆရာဝန်များက အခြေအနေကို စောင့်ကြည့်ပြီး လိုအပ်လျှင် ခွဲစိတ်ကုသမှုခံယူမည်ဖြစ်ကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ဘုရင့်နောင်ကုန်စည်ဒိုင် ၂၉-၄-၂၀၁၃

၁။	နွှဲဆန်	အိတ်	၁၆၃၀၀-၁၆၈၀၀
၂။	ပေါ်ကျဲ	အိတ်	၁၈၅၀၀-၁၉၀၀၀
၃။	ပေါ်ဆန်း	အိတ်	၂၁၅၀၀-၂၈၀၀၀
၄။	စာအုန်းဆီ	ပိဿာ	၁၄၁၅
၅။	မြေပဲဆီ	ပိဿာ	၃၉၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	ပိဿာ	၃၄၀-၄၀၀
၇။	ရမ်းကြက်သွန်ဖြူ	ပိဿာ	၁၂၀၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	ပိဿာ	၁၇၅၀-၁၈၀၀
၉။	ဟဲဟိုးအာလူး	ပိဿာ	၁၅၀-၅၆၀
၁၀။	ဝါးခယ်မငရုတ်ရှည်	ပိဿာ	၁၆၇၅
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	ပိဿာ	၄၀၀၀-၄၈၀၀
၁၂။	သကြား	ပိဿာ	၈၇၅-၉၅၀

ကုန်စည်ဒိုင် လက်ကားဈေးနှုန်းများဖြစ်ပြီး အချိန်နှင့်အမျှ ပြောင်းလဲတတ်ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

(၂၉-၄-၂၀၁၃)

အမေရိကန်ဒေါ်လာ	(တစ်ဒေါ်လာ)	၈၈၉. ၀၀ ကျပ်
ဥရောပ	(တစ်ယူရို)	၁၁၅၉. ၇ ကျပ်
စင်ကာပူ	(တစ်ဒေါ်လာ)	၇၁၈. ၉၆ ကျပ်
ဗြိတိန်	(စတာလင်တစ်ပေါင်)	၁၃၇၆. ၇ ကျပ်
ဂျပန်	(ယန်းတစ်ရာ)	၉၀၈. ၄၉ ကျပ်
ဩစတြေးလျ	(တစ်ဒေါ်လာ)	၉၁၄ ကျပ်
တရုတ်	(တစ်ယွမ်)	၁၁၄. ၂၀ ကျပ်
အိန္ဒိယ	(တစ်ရူပီး)	၁၆. ၃၄၉ ကျပ်
ကိုရီးယား	(ဝမ်တစ်ရာ)	၈၀. ၁၅၅ ကျပ်
မလေးရှား	(တစ်ရင်းဂစ်)	၂၉၃. ၂၅ ကျပ်
ထိုင်း	(တစ်ဘတ်)	၃၀. ၃၉၈ ကျပ်

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း)

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာအကျဉ်းချုပ်

လူမျိုးစုနှစ်စုအကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ

နေပြည်တော် မေ ၁၀

ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ထုတ်ပြန်လိုက်ကြောင်းသိရှိရသည်။ အဆိုပါအစီရင်ခံစာပါ အကျဉ်းချုပ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ပိုင်းထွင်ထည်ရှိပြီး ခရိုင် (၄)ခရိုင်၊ မြို့နယ် (၁၇)မြို့နယ်နှင့် မြို့နယ်ခွဲပေါင်း (၃)မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုများဖြစ်ကြသော သက်၊ ဒိုင်းနက်၊ မြို၊ ခမီး၊ ကမန်နှင့်မရမာကြီးထို့အပြင် ဘင်္ဂါလီလူမျိုးများလည်း နေထိုင်နေကြပါသည်။ လူဦးရေအားဖြင့် (၃ ဒသမ ၃) သန်းကျော်နေထိုင်လျက်ရှိပြီး လူနေထူထပ်မှုနှုန်းမှာ တစ်စတုရန်းမိုင်လျှင် ၂၃၅ ဦးခန့်ရှိပါသည်။

၁၉ရာစုအစောပိုင်း အင်္ဂလိပ်နယ်ချဲ့ကိုလိုနီများ ရခိုင်ပြည်နယ်သို့ ဝင်ရောက်လာပြီးနောက် လယ်ယာလုပ်ငန်းအား တိုးချဲ့လာခဲ့သဖြင့် လိုအပ်သောလုပ်အားကို အိမ်နီးချင်းနိုင်ငံများမှ ဘင်္ဂါလီများက ရာသီအလိုက် လုပ်သားများအဖြစ် လာရောက်လုပ်ကိုင်ကြပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း၌ တစ်စတစ်စအခြေချနေထိုင်မှုများရှိလာပါသည်။ ထို့နောက်ထွင် ဘင်္ဂါလီလူမျိုးများသည် အခြေထကျနေထိုင်ကာ လူဦးရေတိုးပွားမှုများလာခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် ဒုတိယမြောက် အများဆုံးနေထိုင်သော လူမျိုးစုတစ်စုဖြစ်လာခဲ့ပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူမျိုးစုများအကြား စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် လွှမ်းမိုးချုပ်ကိုင်လာမှုများနှင့် မကျေနပ်မှုများ တိုးပွားလာခဲ့သည်။

သမိုင်းတစ်လျှောက်တွင် ရခိုင်လူမျိုးနှင့်ဘင်္ဂါလီလူမျိုးများအကြား ပဋိပက္ခများစွာဖြစ်ပွားခဲ့ပါသည်။ နှစ်ဖက်လူ့အဖွဲ့အစည်းကြား ဘာသာအယူဝါဒဓလေ့ထုံးစံများကို အပြန်အလှန်လက်ခံနိုင်မှုမရှိခြင်း၊ အကြမ်းဖက်သထိဖြတ်တိုက်ခိုက်မှုများ၊ ပြင်းထန်လာသော လူမျိုးရေးစိတ်ဓာတ်များ၊ နိုင်ငံရေးအရ လွှမ်းမိုးလိုမှုများနှင့် လူ့အဖွဲ့အစည်းနှစ်ရပ်ကြား အဖြန်အလှန်စွပ်စွဲပြစ်တင်မှုများကို သားစဉ်မြေးဆက် ပြုလုပ်ခဲ့ခြင်းများကြောင့် မကြာခဏဆိုသလိုပင် လူမျိုးရေးပဋိပက္ခများဖြစ်ပွားခဲ့ပါသည်။ ယင်းဖြစ်စဉ်များအတွင်းမှ ၂၀၁၂ ဇွန်လနှင့်အောက်တိုဘာလများအတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် သမိုင်းတစ်လျှောက်တွင် ကြီးမားသော ပဋိပက္ခ ထစ်ရပ်ဖြစ်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် ပဋိပက္ခများအထွင်းတွင် လူပေါင်း ၁၉၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၂၆၅ ဦး ဒဏ်ရာရရှိခဲ့ရကာ နေအိမ်ပေါင်း ၈၆၁၄ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ လူပေါင်းထစ်သိန်းကျော်သည်လည်း အိုးမဲ့အိမ်မဲ့ဖြစ်ရကာ ဒုက္ခသည်များဖြစ်ခဲ့ကြရပါသည်။ ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိလာပြီး မိသားစုများ၏ စားဝတ်နေရေး ခက်ခဲလာရုံသာမက ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများပါ ထိခိုက်မှုများစွာရှိလာခဲ့ပါသည်။ ထို့ပြင် လူမျိုးစုနှစ်စုအကြား အပြန်အလှန် တိုက်ခိုက်သထိဖြတ်မှုများကြောင့် မိသားစုများ၏ လုံခြုံရေးကို စိုးရိမ်ပူပန်ရခြင်း၊ ကြောက်လန့်ခြင်းနှင့် မတည်မငြိမ်မှုကြောင့်အခြေခံလိုအပ်ချက်များ များပြားလာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ထိခိုက်လွယ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် ပဋိပက္ခများကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများတိုးပွားလာသည့်အပြင် လူမျိုးစုနှစ်စုအကြား ဆက်ဆံရေးမှာလည်း အတိုင်းအတာတစ်ခုအထိ ပြတ်တောက်သွားခဲ့ပါသည်။ ထို့ပြင် သမိုင်းဖြစ်စဉ်များ၏ ခါးသီးမှုများကြောင့် လူမျိုးစုတစ်စုနှင့်ထစ်စုအကြား ကန့်သတ်တားဆီးမှုများသည်လည်း တဖြည်းဖြည်းမြင့်မားလာသဖြင့် မယုံကြည်မှုများ တိုးပွားလာခြင်း၊ ဆက်ဆံရေးပြတ်တောက်ခြင်းနှင့် တင်းမာမှုများ မြင့်တက်နေခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ အထက်ပါ ပြဿနာရပ်များကို အရေးတကြီးကိုင်တွယ်ဖြေရှင်းရန်အတွက်-

- လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ထားရန်၊
- လုံခြုံရေးအင်အားများ ရုတ်ထရက် များပြားစွာလျှော့ချခြင်း မပြုရန်၊
- နယ်စပ်လုံခြုံရေးထိုးမြှင့်ထားခြင်းနှင့် ကျွမ်းကျင်သော အဓိကရုဏ်းနှိမ်နင်းရေးထပ်ဖွဲ့များ ကြိုတင်ဖွဲ့စည်းတာဝန်ပေးအပ်ထားရန်၊ ကျွမ်းကျင်သူများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးထားရန်၊ ဗုံးရှင်းလင်းရေးအဖွဲ့ထားရှိပေးရန်နှင့် ခေတ်မီကောင်းမွန်သော အဓိကရုဏ်း နှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းကိရိယာများ တပ်ဆင်ပေးထားရန်၊
- အဓိကရုဏ်းနှိမ်နင်းရေးတွင် တပ်မတော်၏အကူအညီ ရယူမည်ဆိုပါက တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား ခေတ်မီအဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်း၊ မီးကျောက်များကို လုံလောက်စွာ ထုတ်ပေးထားရန်၊
- လုံခြုံရေးထပ်ရင်းထပ်ဖွဲ့များကို ဖွဲ့စည်းပုံအပြည့် အင်အားဖြည့်ထင်းပေးထားရန်နှင့် ပဋိပက္ခဖြစ်ပွားရာ မည်သည့်နေရာ ဒေသကိုမဆို အမြန်ဆုံးရောက်ရှိထိန်းသိမ်းနိုင်ရေးအတွက် ခေတ်မီသော ဆက်သွယ်ရေးစနစ်၊ ကုန်းလမ်း၊ ရေလမ်း၊ ရာသီမရွေးသွားလာနိုင်သည့် ခေတ်မီသောတပ်ဖွဲ့ပိုင်မော်တော်ကားများ၊ ရေယာဉ်များ၊ အမြန်ရေယာဉ်များ၊ စက်လှေများကို တပ်ဆင်ဖြည့်ဆည်းပေးထားရန်၊
- တပ်မတော်ရေတပ်အင်အား တိုးချဲ့ချထားရန်၊ ကမ်းခြေစောင့် ရေဒါစခန်းများ၊ တင်းလည့်လေယာဉ်များ၊ CCTV စောင့်ကြည့်ကင်မရာများ၊ လူလုပ်အတားအဆီးများချထားရန်၊
- တမ်းခြေစောင့် ရေကြောင်းရဲတပ်ဖွဲ့ (Marine Police/Coastal Police) ကို ဖွဲ့စည်း၍ Assault Boat ကင်းလှည့်တိုက်ခိုက်ရေး ရေယာဉ်များကို ထုတ်ပေးထားပြီး ရေတပ်နှင့် ပူးပေါင်းတင်းလှည့်ခြင်းများဆောင်ရွက်စေရန်၊
- အကြမ်းဖက်အဖွဲ့အစည်း၊ အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန် စစ်ဘက်ထောက်လှမ်းရေး၊ အရပ်ဘက်ထောက်လှမ်းရေးများပါဝင်သည့် Spicial Team တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်သွားရန်၊
- ရခိုင်ပြည်နယ်ရှိ လဝကဝန်ထမ်းအင်အားများကို အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းပုံအပြည့် ဖြည့်တင်းပေးရန်၊
- နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရအမိန့်များ ထုတ်ပြန်ပြီး ဆက်လက်ထိန်းချုပ်ထားရန်၊
- ရခိုင်ပြည်နယ်အထွင်း လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊
- ယခုနှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ နိုင်ငံရေးမထည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ဖြစ်ပါက ထိစပ်နေသောနယ်စပ်ဒေသသို့ အကျိုးဆက်များ သက်ရောက်လာနိုင်ပါသည်။ ထို့အတွက် ကြိုတင်စဉ်းစားထားရန်နှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်၊
- ပဋိပက္ခနှင့်ပတ်သက်၍ ဖြေရှင်းမည် နည်းလမ်းများရေးဆွဲခြင်း၊ ဥပဒေနည်းဥပဒေများအား သုံးသပ်ခြင်းနှင့် ကြိုတင်ကာကွယ်သည့်စနစ်တစ်ရပ် ထူထောင်ရန်အထွက် အစီအမံများရေးဆွဲထားရန်၊
- ထရားဥပဒေစိုးမိုးရေးအထွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းပုံအရ လိုအပ်နေသောဝန်ထမ်းအင်အားကို ထပ်မံဖြည့်တင်းရန်၊ အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနထို့အား ဖြည့်တင်းပေးရန်၊
- တရားစီရင်ရေးတွင်လည်း သာတူညီတူနှင့် လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရန်၊
- မည်သို့ပင်ဖြစ်စေ အစိုးရဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူပြည်သားအားလုံးသည် နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအထိုင်း လိုက်နာလုပ်ဆောင်ကြရန်ဖြစ်ပါသည်။ အကယ်၍ အဆိုပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေအတိုင်း တိတိကျကျ အရေးယူသွားရန်တို့ကို လုပ်ဆောင်သင့်ပါသည်။

ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့်အဖွဲ့အစည်းများသည် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်နှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ဟူ၍ အပိုင်းများခွဲကာ အစားအစာ၊ အမိုးအကာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကိစ္စရပ်များကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ သို့ရာတွင် လုပ်ငန်းများကို အထိုင်းအထာထစ်ခုအထိ ဖော်ဆောင်အောင်မြင်ခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ အစားအစာကဏ္ဍထွင် စုစုပေါင်းလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းရန် ထပ်မံလိုအပ်နေခြင်းနှင့် အာဟာရမပြည့်ဝခြင်း၊ အမိုးအကာတကဏ္ဍတွင် လိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ပေးရန်နှင့် မိုးရာသီမတိုင်မီ ဆောက်လုပ်ရန် လိုအပ်နေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် ကူးစက်ရောဂါများတားဆီးကာကွယ်ရန်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအား အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း၊ ပညာရေးကဏ္ဍတွင်လည်း ဆရာ ဆရာမများ လိုအပ်ချက်ရှိနေခြင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို အလျင်အမြန်ဆောင်ရွက်ရန် အစရှိသည့် လိုအပ်ချက်များစွာရှိနေပါသည်။ အထက်ပါ ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက်-

- ပြည်နယ်အတွင်း ကလေးများ၏ အာဟာရချို့တဲ့မှုကို လျော့လာရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင် နိုင်ရေးစီစဉ်ပေးရန်။
- မိုးတွင်းကာလမတိုင်မီ ဒုက္ခသည်များအား ယာယီတဲများမှ လုံခြုံသည့် အဆောက်အအုံများတွင် နေရာချထားရန်နှင့် ဒုက္ခသည်စခန်းများတွင် လူဦးရေသိပ်သည်းမှုကို လျှော့ချရန်။
- ဒုက္ခသည်စခန်းများတွင် ရေသန့်ရရှိရေးနှင့် အိမ်သာများ လုံလောက်စွာ ဆောက်လုပ်ပေးရန်။
- စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများကို ပြန်လည်တည်ငြိမ်လာရေးအား အမြန်ကုစားပေးရန်။
- ပိတ်ထားသော စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးကို အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်။
- စာသင်ကျောင်းများတွင် ပြည်သူ့နီတိ (Civic Education)နှင့် စာတတ်မြောက်ရေး "အသုံးလုံး"အစီအစဉ်များ အကောင်အထည်ဖော်ပေးရန်၊
- ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် တုတ်ထွင်သော ရေဒီယိုအသံလွှင့်ဌာန (FM Radio Station)တစ်ခု တည်ထောင်ပေးရန်နှင့် နောင်တွင် TV Channelတစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ထားရန်တို့ကို ပြုလုပ်သင့်ပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရေးတို့က စီးပွားရေးဖွံ့ဖြိုးတိုးတတ်မှု အစီအစဉ်များဖော်ထုတ်၍ ဖြည့်ဆည်းသွားရန် လိုအပ်နေပါသည်။ သို့ရာတွင် လူမျိုးစုနှစ်စုအကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အရေးပါပါသည်။

ထို့ကြောင့် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကိစ္စရပ်များကို ဖော်ဆောင်နိုင်ရန်-

- မြန်မာစာ၊ မြန်မာစကားနှင့် ယဉ်ကျေးမှုထုံးစံများကို ပိုမိုတတ်မြောက်အောင်သင်ယူစေခြင်း၊
- ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများအကြား လူမှုဆက်ဆံရေး ပိုမိုထိတွေ့မှုရှိစေရန်နှင့်အမြန်အလှန် နားလည်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊
- မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိမှုများ တိုးပွားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊
- ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ တရားမဝင်နေထိုင်သူများကို ကိုင်တွယ်ရာတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးနှင့် ပတ်သက်သည်များကို အမြန်စိစစ်ရန်လိုအပ်ခြင်း၊ ၁၉၈၂ ဥပဒေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရန်လိုအပ်ခြင်း၊
- တရားရေးနှင့် ဥပဒေစိုးမိုးရေးကဏ္ဍသည် ပြဿနာတစ်ရပ်အား ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ရန် လိုအပ်ခြင်း၊
- သဘောထားပျော့ပျောင်းသည့် နှစ်ဖက်ခေါင်းဆောင်များဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့ထစ်ဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်စေခြင်း၊
- ဘာသာတစ်ခုမှတစ်ခုအား စော်ကားခြင်း၊ပုတ်ခတ်ခြင်းနှင့် အစွန်းရောက်ဘာသာရေးအတွေးအခေါ် လုပ်ဆောင်မှုများအား ကာကွယ်တားမြစ်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

သတင်းအချက်အလက်များ စီးဆင်းမှုသည်လည်း ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုများစွာ ရှိနေသည်အတွက် သတင်းမီဒီယာများအား-

- ပဋိပက္ခတိုးပွားစေမည့် အပြုအမူနှင့်ပြောဆိုမှုများအား ရှောင်ကြဉ်စေရန် ဆောင်ရွက်ခြင်း၊
- သတင်းအချက်အလက်များကို တိကျမြန်ဆန်စွာ ထုတ်ပြန်ပေးခြင်း၊
- ကျေးလက်တွင် မှန်ကန်သော သတင်းများရရှိစေရန် ရေဒီယိုမှထုတ်လွှင့်ခြင်း၊စာစောင်များ ဖြန့်ဝေခြင်းနှင့် အသံချဲ့စက်များဖြင့် ကြေညာခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

MRTV-4

၁၀-၄-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀ MRTV-4 အဖွင့် Logo
၁၂း၀၅ Minute to Win It
၁း၀၀ ကိုးကွယ်မှုတွေ မှန်ပါစေ တရားတော် (ဆရာတော်အရှင်ဥတ္တရ)
၂း၀၀ MRTV-4 **သတင်း**
၂း၂၀ World Of Knowledge (Long Way Down;Tobrak to Khartoum)
၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမေ့ရှိလို့မဖြစ်** (အပိုင်း-၄၆)
၆း၀၀ MRTV-4 **သတင်း**
၇း၃၀ သွားမယ်စားမယ် (APPLE)
၈း၀၀ MRTV-4 **သတင်း**
၈း၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ဝက်ခြံအကြောင်းသိကောင်းစရာ)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော**(အပိုင်း-၃၃)
၁၀း၀၀ Global Panorama **(ကိုကိုလှိုင်၊ မျိုးမြတ်သူ)**
၁၁း၀၀ World Of Knowledge (Man Hunt;Sharp Teeth Nomads)
၁၂း၀၀ ကိုးကွယ်မှုတွေမှန်ပါစေ တရားတော် (ဆရာတော်အရှင်ဥတ္တရ)

ဟဲဟိုးမြို့၌ သောက်သုံးရေဖြန့်ဖြူး

ဟဲဟိုး မေ ၂၉

ယခုနှစ်နွေရာသီထွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့ရာ ကလောမြို့နယ် ဟဲဟိုးမြို့ အလယ်ပိုင်း (၂)ရပ်ကွက်နေ လုပ်သားပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန် ကလောမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဝေခြင်းကို မေ ၂၈ ရက်မှစထင်ဆောင်ရွက်လျက်ရှိသည်။ ဟဲဟိုးမြို့ အလယ်ပိုင်း (၃)ရပ်ကွက်မှာ လူဦးရေ ၂၈၀၀ အိမ်ခြေ ၄၅၉ အိမ်ရှိပြီး ရေခက်ခဲသည့် အိမ်ခြေ ၁၅၀ ခန့်အတွက် တစ်ရက်လျှင် ရေဂါလန် ၄၀၀၀ အား မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ၊ ရပ်ကွက်ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ ကြီးကြပ်ဖြန့်ဝေပေးလျက်ရှိရာ ရပ်ကွက်နေပြည်သူများက ဝမ်းသာပျော်ရွှင်စွာဖြင့် ရေသယ်ယူကြကြောင်း သတင်းရရှိသည်။**(ယာပုံ)(သတင်းစဉ်)**

ပြည်တွင်းသတင်း

လွှတ်တော်များက ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အဓိကထား ပြဋ္ဌာန်းပေး

ရန်ကုန် ဧပြီ ၂၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည့် ခေတ်စနစ်နှင့် မကိုက်ညီသော တည်ဆဲဥပဒေဟောင်းများ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီကို အရေး/အပြောတို့ဖြင့်သာလုပ်၍ မရပါကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် ဥပဒေ၊ အပြော/အလုပ်များ ညီညွတ်မျှတစွာ လုပ်ဆောင်မှသာလျှင် မိမိတို့ပြောနေသည် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ဥပဒေများကို ပြဋ္ဌာန်းပြီး ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာကြရမည်ဖြစ်ကြောင်း၊ တို့အတူ သက်ဆိုင်သူအားလုံး လိုက်နာနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသည့် အဖွဲ့အစည်းများကလည်း ဥပဒေအတိုင်း ကြီးကြပ်ရမည်၊ ပါဝင်ရမည်ဖြစ်ကြောင်း၊ တို့ကြောင့်လည်း ဥပဒေအတက်တွင် မည်သူမျှမရှိကြောင်း၊ ဥပဒေအောက်တွင် အားလုံးတစ်ပြေးညီ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြောင်းလဲပြုပြင်လိုက်သည့် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိသော ဥပဒေများ ရှိနေပြီလား၊ မရှိဘူးလားဆိုသည်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော ဥပဒေများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ယနေ့ခေတ်စနစ်နှင့် လျော်ညီသော ဥပဒေများဖြစ်တည်နေအောင် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန် သို့မဟုတ် ဥပဒေများသည် မလုံလောက်သေးပါကလည်း ဥပဒေများအသစ် ပြဋ္ဌာန်းပေးရန်လိုကြောင်း၊ ပြဋ္ဌာန်းပေးပြီးသော ဥပဒေများကို နိုင်ငံအတွင်းရှိ ပြည်သူများ လိုက်နာရန်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနများကလည်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ယနေ့ ပြောနေသည် Rule of Law တရားဥပဒေစိုးမိုးမှု ရှိမည်ဖြစ်ကြောင်း။

မိမိတို့ ပြဋ္ဌာန်းထုတ်ပြန်လိုက်သည့် ဥပဒေသည် အမှန်တကယ် ပြည်သူများလိုက်နာနိုင်သည် ဥပဒေမျိုးဖြစ်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ် လိုက်နာနိုင်မည် ဥပဒေမဟုတ်ပါက၊ ပြည်သူများ မလိုက်နာ နိုင်ပါက ဥပဒေကို အလိုလိုချိုးဖောက်ပြီးဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တရားမျှတသော ဥပဒေများအားလုံး ဖြစ်ပြီလားဟု လေ့လာသုံးသပ်၍ တရားမျှတပြီး အများလိုက်နာနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ကြောင်း။

လွှတ်တော်များက ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အဓိကထား ပြဋ္ဌာန်းပေးခြင်းဖြစ်ကြောင်း၊ လွှတ်တော်အတွက်၊ အစိုးရအတွက် မဟုတ်ကြောင်း၊ ပြည်သူ့အတွက်သာဖြစ်ကြောင်း၊ ဥပဒေသည် ပြည်သူ့အတွက်၊ နိုင်ငံအတွက် အကျိုးစီးပွားမဖြစ်လျှင် ပယ်ဖျက်ရမည်။ အကျိုးစီးပွားဖြစ်ထွန်းမည် ဥပဒေများကို အသစ်ပြဋ္ဌာန်းရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လာမည့်ဇူလိုင်လနှင့် သြဂုတ်လ ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းပြဋ္ဌာန်းနိုင်ရန် ဝန်ကြီးဌာနများနှင့် တက်ရောက်လာကြသူ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များက ကျင့်သုံးမည့် ဥပဒေများကို မေလကုန် နောက်ဆုံးထား၍ ဝိုင်းဝန်းအကြံပြု ပြင်ဆင်ပေးရန် ပြောကြားသည်။

ဆက်လက်၍ ဥပဒေများအား အသစ်ပြဋ္ဌာန်းရန်နှင့် ပြန်လည်ပြင်ဆင်ရန် အဆိုပြုချက်များအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။ တို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်) ၌ ကျင်းပသည့် ခေတ်စနစ်နှင့် မကိုက်ညီသော တည်ဆဲဥပဒေဟောင်းများ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဟဇာတရှိသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်

ရန်ကုန် ဧပြီ ၂၉

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် အနေဖြင့် ရခိုင်ပြည်နယ်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပြီး နှစ်ဖက်လူ့အဖွဲ့အစည်းတွင် အင်တာဗျူးပေါင်း ၂၀၀၀ ကျော်အပါအဝင် အချက်အလက်ပေါင်းများစွာကို စုစည်း၍ အခန်းပေါင်း(၁၅)ခန်း၊ စာမျက်နှာ ပေါင်း(၁၈၃)မျက်နှာ ပါဝင်သော အစီရင်ခံစာကို တတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ကော်မရှင်အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်က ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁၀) ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေးစင်တာ၌ ကျင်းပသည့် ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းစာရှင်းလင်းပွဲ **(အပေါ်ပုံ)**တွင် တည်သွင်း ပြောကြားသွားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ပဋိပက္ခအရေးသည် ကျယ်ပြန့်ပြီး ရှုပ်ထွေးမှုများကြောင်း၊ အချက်အလက်များကို တိတိကျကျ ကောက်ယူချင်၍ အချိန်ယူရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ရေ့ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာပြင့်ကြည့်ပြီး အကောင်းဆုံးဖြစ်ကြအောင် ဆောင်ရွက်ခဲ့ကြောင်း၊ အစီရင်ခံစာနှင့် ပတ်သက်ပြီး ကူညီပံ့ပိုးပေးခဲ့ကြသူများအားလုံးကို ကော်မရှင်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုကြီးကလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံတိုင်း ကြုံတွေ့ရသည် ပြဿနာဖြစ်ကြောင်း၊ ကော်မရှင်က တာဝန်ပေးခြင်းခံရသည် အချိန်မှာ ပြုပြင်ပြောင်းလဲရေးအတွက် တတ်နိုင်သည့်ဘက်မှ ပါဝင်မည်ဆိုသည် စိတ်နှင့်ပါဝင်ခဲ့ကြောင်း၊ ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေး၊ သဟဇာတရှိသည့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီဒီယာအဖွဲ့အစည်းများကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ အစီရင်ခံစာတွင် ပါဝင်သည် အချက်အလက်များကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးစေချင်ပါကြောင်း ပြောကြားသွားသည်။

ယင်းနောက် ပြည်တွင်း ပြည်ပမှ သတင်းထောက်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အစီရင်ခံစာနှင့်ပတ်သက်၍ သိရှိလိုသည်အချက်များကိုမေးမြန်းကြရာ ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင် အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည် ဦးအောင်နိုင်ဦး၊ ဦးကိုကိုကြီး၊ ဒေါ်ယဉ်ယဉ်နွယ်နှင့် ဦးသူရ(ခ) ဦးဇာဂနာတို့က ပြန်လည်ရှင်းလင်း ဖြေကြားပေးကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသူများအား ကော်မရှင်၏ အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည် စီဒီများကို ဖြန့်ဝေပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်၏ နောက်ခံသမိုင်းအကျဉ်း၊ ပဋိပက္ခဖြစ်ပွားမှုများအကျဉ်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း နှစ်ခုတို့အကြား တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည် အခြေအနေများနှင့် ၂၀၁၂ ခုနှစ်အတွင်း ပဋိပက္ခဖြစ်စဉ်များဖြစ်ပွားရသည် အကြောင်းရင်းများ၊ ဆူပူအကြမ်းဖက်မှုများကြောင့် ဆုံးရှုံးမှုများ၊ လက်ရှိလူမှုရေးနှင့် စီးပွားရေး အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှု ရရှိနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်သူများ၏အမြင်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေတိုင်ရေးအတွက် အကြံပြုချက်၊ သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်သည့် အကြံပြုချက်များနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည် လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြထားသည်။

ယင်းအစီရင်ခံစာတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် လက်မှတ်များဖြင့် အခန်းပေါင်း (၁၅) ခန်း၊ စာမျက်နှာပေါင်း (၁၈၃) မျက်နှာ ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်

နေပြည်တော် ဧပြီ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၃ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးထားသည်-

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်
၁	ရန်ကုန် တိုင်းဒေသကြီး	လှည်းကူး၊ တွံတေး
၂	မန္တလေး တိုင်းဒေသကြီး	မိုးကုတ်၊ဝမ်းတွင်း၊ နွားထိုးကြီး၊ မြစ်သား
၃	ရှမ်းပြည်နယ်	ရပ်စောက်၊ ဖယ်ခုံ၊ ကွန်ဟိန်း၊ သိန္နီ၊ နမ္မတူ၊ မိုင်းတုံ၊ မိုင်းဆတ်
၄	ကချင်ပြည်နယ်	ဝိုင်းမော်၊ ဖားကန့်
၅	ချင်းပြည်နယ်	ဖလမ်း၊ တီးတိန်
၆	စစ်ကိုင်း တိုင်းဒေသကြီး	ကနီ၊ အင်းတော်၊ ကသာ၊ ဗန်းမောက်၊ တီးချိုင့်၊ ဝက်လက်
၇	တနင်္သာရီ တိုင်းဒေသကြီး	ကျွန်းစု
၈	ပဲခူးတိုင်းဒေသကြီး	ဒိုက်ဦး၊ မင်းလှ၊ ကျောက်ကြီး
၉	မကွေး တိုင်းဒေသကြီး	တောင်တွင်းကြီး၊ မြို့သစ်၊ မြိုင်၊ ပေါက်၊ ဆော၊ ကန်ပက်လက်၊ပွင့်ဖြူအောင်လံ
၁၀	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်
၁၁	ဧရာဝတီ တိုင်းဒေသကြီး	မြောင်းမြ၊ ညောင်တုန်း၊ ပြန်အောင်၊ ကြံခင်း

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

❊ ရှေ့ဖုံးမှ

အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ ထက်မြက်သည့် အမြင်၊ ခေါင်းဆောင်မှုနှင့် စွမ်းစွမ်းတမံဆောင်ရွက်ချက်များအတွက် အသိအမှတ်ပြု ဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင်- UN ESCAP၏ အမှုဆောင်အတွင်းရေးမှူးအဖြစ် တာဝန်ယူချိန်မှစပြီး မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းတစ်ဦးအနေဖြင့် ရပ်တည်ခဲ့သည့် ဒေါက်တာနော်လင်းဟေဇာ၏ ဖိတ်ကြားချက်ကိုလက်ခံတက်ရောက်နိုင်သည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ဒေါက်တာနော်လင်းဟေဇာ၏ တည်ကြည်သည့် ဦးဆောင်မှု ပြတ်သားသည့် ဆုံးဖြတ်ချက်များနှင့် ESCAP အဖွဲ့ကြီးသည် ဒေသတွင်းကိစ္စရပ်များကို အကောင်းဆုံး ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံကို ပြောင်းလဲမှုလမ်းကြောင်းပေါ် ရောက်အောင် ဆောင်ရွက်နိုင်သည့် ခေါင်းဆောင်မှုနှင့် ရဲဝံ့မှုတို့အတွက် အသိအမှတ်ပြုသည့်အနေဖြင့်UN ESCAP က ဂုဏ်ပြုဆုကို ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ဤဆုကိုရရှိခြင်းသည်လည်း မိမိတစ်ယောက်တည်း၏ ကြိုးပမ်းမှုကြောင့် မဟုတ်ဘဲ မြန်မာနိုင်ငံသူ၊နိုင်ငံသားအားလုံး၏စုပေါင်း ဆောင်ရွက်မှုကြောင့် ရရှိခြင်း ဖြစ်ပါကြောင်း။

အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်သည် အာရှပစိဖိတ်ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အထူးအရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ ထိုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ရှေ့ပိုင်းနှစ်များတွင် ဦးဆောင်မှုပေးခဲ့သော မိမိတို့၏ မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည့် ဦးညွန့်အတွက်လည်း မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ESCAP အဖွဲ့ကြီးနှင့် ပူးပေါင်းလုပ်ဆောင်ရန် ခိုင်ကျည်သည့် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ အနေဖြင့် အဓိက ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ပြိုင်နက်တည်း အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောဖြစ်ပေါ်တိုးတက်နေသည့် နိုင်ငံရေး စီးပွားရေးအပြောင်းအလဲများကနေ ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်အသုံးချနိုင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် Stakeholders အားလုံးပါဝင်သော ပွင့်လင်းသည့် ဆွေးနွေးမှုများကို အစပြုနေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍအပေါ် အဓိကအမှီပြုရသည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတလည်း အထူးအရေးကြီးပါကြောင်း ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အကူအညီပေးခဲ့သည့် UN ESCAP ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အင်မတန်အရေးကြီးသည့်အချိန်တွင် ယခုကဲ့သို့ တွေ့ဆုံကြခြင်းဖြစ်ပါကြောင်း၊ ၂၁ ရာစု အစောပိုင်းကာလများတွင် မိမိတို့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဆင်းရဲမွဲတေမှုတို့ အောင်မြင်စွာ လျှော့ချ တိုက်ဖျက်နိုင်မှုများသည် ကမ္ဘာတွင် အဓိကအရေးပါသည့် အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း ယခုလို အောင်မြင်မှုများ ရရှိခဲ့သော်လည်း ဆက်လက်ဆောင်ရွက်စရာများ ကျန်ရှိနေသေးသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေသည် နှစ်အနည်းငယ်ကြာ ဆိုးရွားသည့်အခြေအနေများနှင့် ရင်ဆိုင်နေရပြီး ယခုထက်ဆိုးရွားသည့် စီးပွားရေးအကျပ်အတည်းကာလများနှင့် တွေ့ကြုံကောင်း တွေ့ကြုံရနိုင်သည့် အနေအထားများရှိနေပါကြောင်း၊ ထိုကဲ့သို့ စီးပွားရေးအကျပ်အတည်းများဖြစ်ခဲ့လျှင် အာရှဒေသထွက်ကုန်များအပေါ် ဝယ်လိုအား ကျဆင်းသွားနိုင်ပြီး မိမိတို့ အာရှပစိဖိတ်ဒေသကိုလည်း ရိုက်ခတ်လာမည်ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်မှု နှေးကွေးလာသည်နှင့်အမျှ စီးပွားရေးအကျပ်အတည်း၏ဒဏ်ကို အများဆုံးခံစားကြရသည်မှာ ဆင်းရဲသည့်နိုင်ငံများနှင့် ပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ စီးပွားရေးအကျပ်အတည်းမတွေ့ဘဲ မှန်မှန်တိုးတက်နေသည်ဆိုလျှင်ပင် မိမိတို့အနေဖြင့် အထိန်းအကွပ်မဲ့သည့် ဖွံ့ဖြိုးမှုသည် အန္တရာယ်များကို ဆောင်ကြဉ်းလာသည်ဆိုသည်ကို သတိပြုကြရန်လိုပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ လူမှုသဟဇာတဖြစ်မှုများ၊ သာမန်ပြည်သူလူထု၏ နေ့စဉ်ဘဝအပေါ် ရိုက်ခတ်မှုများကိုလည်း ထည့်သွင်းစဉ်းစားကြရန်လိုပါကြောင်း၊ အာရှပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေပိုများသည့် ဒေသဖြစ်သည်ဆိုသည်ကိုလည်း မိမိတို့နားလည်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုနှစ်ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များနှင့် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားရေးဆိုသည့် ခေါင်းစဉ်သည် အထူးဆီလျော်ညီညွတ်သည့် ခေါင်းစဉ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း အဆင်းရဲဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်ဆိုသည်ကို မိမိအနေဖြင့် ပွင့်ပွင့်လင်းလင်း ဝန်ခံရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ဤအခြေအနေကို ပြောင်းလဲနိုင်ရန် အဝှမ်းညီစွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ရန် အထူးကြိုးစားလုပ်ဆောင်နေပါကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ပိုမိုထိခိုက်လွယ်သည့် လူ့အသိုက်အဝန်းကို အထူးဂရုပြုကာကွယ်ပေးရန်၊ နိုင်ငံကို ဆင်းရဲမွဲတေ၊ သက်ဆိုးရှည်စေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ပြီး တရားနည်းလမ်းတကျ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အကျင့်ပျက်မှုကို အဆုံးသတ်၊ ပိတ်ဆို့မှုများကို ပယ်ဖျက်ပြီး ကမ္ဘာ့စီးပွားရေးဈေးကွက်သို့ မှတ်နှုန်းလှလှ ပြန်လည်ဝင်ရောက်နိုင်စေရန် အထူးကြိုးစားနေသည် ဆိုသည်ကိုလည်း ထပ်လောင်းတင်ပြလိုပါကြောင်း။

ကျယ်ပြန့်သည့် ကမ္ဘာ့စီးပွားရေးဈေးကွက်ထဲသို့ ပါဝင်ဆောင်ရွက်လိုက်သည်နှင့်အမျှ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများ၊ မထင်မှတ်သည့် ရိုက်ခတ်မှုများသည် မိမိတို့အပေါ် သက်ရောက်လာနိုင်သည် ဆိုသည်ကိုလည်းသိရှိသဘောပေါက်ထားရန်လိုပါကြောင်း၊ ၁၉၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်သည့်အချိန်တွင် ဘာမျှကြိုတင်မျှော်လင့် ပြင်ဆင်ထားခြင်း မရှိသည့်အတွက် မြန်မာပို့ကုန်များအားလုံး ရုတ်ချည်း ဈေးထိုးကျပြီး ပြိုလဲခြင်းနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ သန်းပေါင်းများစွာသော ပြည်သူများသည် ပိုင်ဆိုင်မှု ဘာမျှ မကျန်တော့လောက်အောင် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့နောက်တွင် အစွန်းရောက်အယူအဆများလည်း ပေါ်ထွက်ခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ်ကပ်ဆိုးများ၏ ဆိုးရွားသည့်အန္တရာယ်ကို မိမိတို့နိုင်ငံအနေဖြင့်လည်း အထူးသတိပြု အလေးထားပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အထူးသဖြင့် မိမိ၏ မွေးရပ်ဇာတိ အိမ်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လူပေါင်း တစ်သိန်းကျော် သေဆုံးခဲ့ရပါကြောင်း၊ မုန်တိုင်းသင့်ပြည်သူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ဒေါက်တာဟေဇာနှင့် အဖွဲ့သည် ရှေ့ဆုံးမှ ပါဝင်ခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ထိုသို့သော သဘာဝဘေးအန္တရာယ်များ နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ ဝင်ရောက်လာနိုင်သေးသည်ကိုလည်း သေချာစဉ်းစား ပြင်ဆင်ထားရမည်သာဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံစီအတွက် သာမက အာရှပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက် သက်ဆိုင်ပြီး အားလုံး အတူလက်တွဲပြင်ဆင် ရင်ဆိုင်ကျော်လွှားသွားကြရမည်ဆိုသည်ကို မိမိတို့နားလည်ထားပါကြောင်း၊ မိမိတို့ဒေသတွင်း အသိုင်းအဝိုင်းတွင် အတွေ့အကြုံများ ဖလှယ်သွားကြပြီး စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း အတူတကွ လက်တွဲပြီး ရင်ဆိုင်သွားကြရန်ကိုလည်း မိမိအနေဖြင့် မျှော်လင့်မိပါကြောင်း။

ဆက်လက်ဆွေးနွေးသွားမည့် ကိစ္စရပ်များအားလုံး အကောင်းဆုံး ဆောင်ရွက် ဆွေးနွေးနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ထိုင်းဝန်ကြီးချုပ် ကိုယ်စား မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသဘာပတိအဖြစ် အရှေ့တီမောဝန်ကြီးချုပ်အား ရွေးချယ်တင်မြှောက်ကြပြီးနောက် သဘာပတိက မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြပွဲအား စက်ခလုတ်ပြိုင်တူနှိပ်၍ ဖွင့်လှစ်ပေးကာ စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ဝန်ကြီးအဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ESCAP အမှုဆောင် အတွင်းရေးမှူး Dr.Noeleen Heyzer က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

ဆောမြို့
၀ ဒသမ ၈၄ လက်မ
ထားဝယ်မြို့
၀ ဒသမ ၅၅ လက်မ
ကော့သောင်းမြို့
၀ ဒသမ ၃၅ လက်မ

[illegible]

❊ ကျောဖုံးမှ

ရှိသည့် ကုန်တင်သင်္ဘောဖြစ်သည်။ မြန်အောင်ရေယာဉ်တွင် သင်္ဘောသား ၁၇ ဦးပါရှိ၍ တပ်မတော်စစ်ရေယာဉ်က ၁၁ ဦးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရေယာဉ်က ကျန်ခြောက်ဦးတို့ကို ကယ်ဆယ်ခဲ့ရာ အားလုံးဆယ်ယူရရှိခဲ့ပြီး လူအသေအပျောက်မရှိကြောင်း၊ မော်လမြိုင်ဆိပ်ကမ်းသို့ စက်သုံးဆီများ ပို့ဆောင်ခဲ့ပြီးဖြစ်၍ နစ်မြုပ်ချိန်တွင် စက်သုံးဆီဆုံးရှုံးမှုနှင့် မြစ်အတွင်း ရေနံယိုဖိတ်မှု (Oil Pollution)မရှိကြောင်း သိရသည်။

နစ်မြုပ်သည့်နေရာတွင် အချက်ပြမီးဖော်ယာတစ်လုံးချထားပြီး ရေကြောင်း သတိပေးချက်ထုတ်ပြန်သွားမည်ဖြစ်သည်။ လက်ရှိနစ်မြုပ်နေသည့်နေရာသည် သင်္ဘောကြီးများ ခုတ်မောင်းသွားလာရာ ရေလမ်းကြောင်းနှင့် လွတ်ကင်းမှုရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သတ်၍ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် **Mr. Jan Eliasson** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❁ *ကျောဖုံးမှ*

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကြိုးပမ်းမှုကို အသိအမှတ်ပြုခြင်းဖြစ်၍ ပြည်သူများမှလည်း ကျေးဇူးတင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကုလသမဂ္ဂနှင့်ဆက်ဆံရေးကို များစွာအလေးထားပါကြောင်း။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အင်တိုက်အားတိုက် ကူညီပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ကူညီခဲ့သည့်အတွက် အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ သို့သော် စိန်ခေါ်မှုများလည်း ပေါ်ပေါက်ခဲ့ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို မိမိတို့အားလုံး ပူးပေါင်းပြီး ကျော်လွှားကြရမည်ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်တွင် လူ့အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ ပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင်ရေးတို့တွင် ကုလသမဂ္ဂမှ ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံတော်သစ်ကို ကိုယ်စားပြုသည့် သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဂါရဝပြုခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ဆိုဒင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကပင် မြန်မာနိုင်ငံဆိုင်ရာကိစ္စများကို ထိတွေ့ဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအချိန်တွင် မိမိအနေဖြင့် မာလီ၊ ဆီးရီးယားနိုင်ငံအရေးအခင်းများကို ဆောင်ရွက်နေရပါကြောင်း၊ ထိုနိုင်ငံများတွင် ဘာသာရေး၊ လူမျိုးရေးကွဲပြားမှုများကြောင့် ပြည်သူများမည်မျှထိခိုက်နစ်နာဆုံးရှုံးသည်ကို တွေ့ရှိနေရပါကြောင်း၊ သမ္မတကြီး၏ မိတ္ထီလာအရေးအခင်းနှင့် ပတ်သက်သည့်မိန့်ခွန်းကို လိုက်လိုက်လှဲလှဲ ထောက်ခံပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့ လေးစားမှုများ ဟန်ချက်ညီညီပေါင်းစပ်နိုင်မှ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာမှုဆိုင်ရာအကူအညီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ ပိုမိုပေးအပ်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ESCAP အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် ESCAP အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ESCAP ၏ အစီအစဉ်ဖြင့် တစ်နှစ်လျှင် မြန်မာနိုင်ငံမှ ထူးချွန်လူငယ် (၁၀၀)အား ICT နည်းပညာများ သင်ကြားပေးမည့် ငါးနှစ်စီမံကိန်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင်အတွင်းမှ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ESCAP မှ ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ESCAP ၌ တာဝန်ထမ်းဆောင်နေကြသည့် မြန်မာမိသားစုဝင်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော UNHCR၊ UNAIDS၊ UNIAP၊ UNOPS၊ UNODS၊ FAO အစရှိသည့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာမိသားစုများက လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတက ယခုလို လာရောက်ပြီး အလုပ်လုပ်နေကြသည်ကို ဝမ်းသာပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေချိန်ဖြစ်သောကြောင့် ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ဝိုင်းဝန်းကူညီပေးစေလိုကြောင်း၊ ကျန်းမာချမ်းသာကြစေရန်နှင့် နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ နေပြည်တော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၆ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ESCAP ၌ တာဝန်ထမ်းဆောင်နေကြသည့် မြန်မာမိသားစုဝင်များ လာရောက် ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဩစတြေးလျအကူအညီ ပညာရေးစီမံချက်အောက်ရှိ ဘုန်းတော်ကြီးသင်ကျောင်း ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂၉

မိမိတို့အားလုံး အမြဲသင်ယူလေ့လာနေကြရမည် ဖြစ်ကြောင်း၊ မျိုးဆက်သစ် ကလေးငယ်များကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ပြည့်စုံသောသင်ကြားနိုင်မှု အခွင့်အလမ်းများကိုလည်း ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအား မိမိတို့ ကောင်းသောသင်ကြားပေးမှုများ၊ အကောင်းဆုံးသင်ယူစေမှုများ၊ ပြည့်စုံလုံလောက်သော အတွေ့အကြုံများ ပေးသွားရမည်ဖြစ်ကြောင်းဖြင့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg က ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုံးထပ်ကျောင်းတိုက်ရှိ ဩစတြေးလျ အကူအညီ ပညာရေးစီမံချက် (AUS AID funded education project) အောက်ရှိ ဘုန်းတော်ကြီးသင် မူလတန်းပညာသင်ကျောင်း၌ ပြောကြားသည်။

ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘုန်းတော်ကြီးသင် မူလတန်းပညာသင်ကျောင်းရှိ ကိုရင်ငယ်လေးများအားတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးစွာဖြင့် အပြန်အလှန် စကားပြောဆိုကြပြီး ကိုရင်ငယ်လေးများအား လက်ဆောင်စာအုပ်များနှင့် အမှတ်တရ ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ကျောင်းတာဝန်ခံ ကိုအောင်ကိုဦးက ကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော် ဥက္ကဋ္ဌက တစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးသင် ပညာရေးသင်တန်းကျောင်းများနှင့် ပတ်သက်၍ အကူအညီပေးမည့် အစီအစဉ်များကို ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဩစတြေးလျအကူအညီ ပညာရေးစီမံချက် (AUS AID funded education project) အောက်ရှိ ဘုန်းတော်ကြီးသင် မူလတန်းပညာသင်ကျောင်း၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး ဒေါက်တာ ဗီလာ ဆွန်ဒါရာရာဂျမ် ရေရာဒရီ၏နေရာတွင် မစ္စတာ ဂေါ်တမ် မူခိုပါဒါယအားခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

မစ္စတာ ဂေါ်တမ် မူခိုပါဒါယကို ၁၉၅၆ ခုနှစ် မေ ၂၄ ရက်တွင် မွေးဖွားခဲ့သည်။ သမိုင်းဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ လူမှုဗေဒဘာသာရပ်ဖြင့် မဟာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။ မစ္စတာ ဂေါ်တမ် မူခိုပါဒါယသည် ၁၉၈၀ ခုနှစ်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မက္ကဆီကိုမြို့၊ ဟာဗာနာမြို့၊ နယူးယောက်မြို့၊ ဒမတ်စကတ်မြို့တို့ရှိ အိန္ဒိယ သံရုံး/အဖွဲ့ရုံးတို့တွင်လည်းကောင်း၊ ပြည်ပရေးရာဝန်ကြီးဌာနတွင် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိအချိန်တွင် ၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မင်းဘူးမြို့နယ် ခရုကန်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်

မင်းဘူး ဧပြီ ၂၉

မင်းဘူး(စက)မြို့နယ် ခရုကန်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါစက်ရေတွင်းသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးနေရင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မင်းဘူးမြို့နယ်စည်ပင်ယာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လှုင်ဦးက စက်ရေတွင်းသစ်တူးဖော်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် စက်ရေတွင်းသစ်အားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** စက်ရေတွင်းသစ်မုခ်ဦးအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးနေရင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ စက်ရေတွင်းသစ်နှင့် ရေသုံးစွဲနေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စက်ရေတွင်းသစ်သည် လေးလက်မတွင်းကာ ပိုက်အမျိုးအစားဖြစ်ပြီး အနက်ပေ ၄၆၀ ရိကာ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိကာ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်ဖြင့် ရေသိုလှောင်ထားနိုင်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိသည့်အတွက် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

မင်းမအရှေ့ ဘုန်းကြီးမှုလွန်ကျောင်းသို့ မညာရေးအလှူ လှူဒါန်းနိုင်

ပုလဲ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၏အနောက်ဘက် ၁၅ မိုင်ကွာဝေးသည့် မင်းမအရှေ့ကျေးရွာ မင်းမအရှေ့ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၌ သူငယ်တန်းမှ သတ္တမတန်းအထိ တက်ရောက်ပညာသင်ယူနေကြသည့် ရင်သာမဏေ၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၂ ဦးအား ဘွဲ့ရလူငယ်ခုနစ်ဦးမှ ပညာသင်ကြားပေးလျက်ရှိပြီး ၁၉၈၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၂၈ နှစ်တာကာလအတွင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ တပ်မတော်အရာရှိများ၊ အင်ဂျင်နီယာများ၊ သူနာပြု သားဖွားဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဘွဲ့ရပညာတတ်အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရက "ပညာသင် လမ်းခရီးမှာ ခရီးရောက်အောင်မသွားနိုင်တဲ့ ဆင်းရဲနွမ်းပါးတဲ့ မိသားစုဝင်တွေရဲ့ သားသမီးတွေကိုငဲ့ပြီး ဒီကျောင်းကို ဖွင့်လှစ်ပေးခဲ့တာပါ။ တချို့ကလေးတွေ စားဝတ်နေရေး အဆင်မပြေတော့ တောထဲဝင်ပြီး ဟိုနိုက် ဒီနိုက်နဲ့ လမ်းပေါ်မှာ လေလွင့်နေကြတာ၊ အဲဒီကလေးတွေကို စည်းရုံးပြီး တိုင်းပြည်အကျိုးကို ကျရာအခန်းကဏ္ဍကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ထမ်းဆောင်နိုင်တဲ့ သားကောင်း သမီးကောင်းရတနာများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်ပြီး ပညာသင်ပေးနေတာပါ။ နောက်ပြီး ကျောင်းကနေထွက်သွားတဲ့ အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူတွေကိုလည်း ပညာရေးဆုံးခန်းတိုင်အောင် သင်ယူနိုင်ရန် ကျောင်းဝတ်စုံကအစ ကျောင်းသုံး စာရေးကိရိယာ၊ သင်ရိုးညွှန်းတမ်းစာအုပ်တွေအထိ ထောက်ပံ့ပေးထားပါတယ်။ ကျေးရွာမှာရှိတဲ့ ကလေးတိုင်း ပညာတတ်ကြီးတွေဖြစ်ပြီး ဒေသအကျိုးကို အောင်မြင်ဖြစ်ထွန်းစေချင်တဲ့ စေတနာနဲ့ ဘ/က ဖွင့် ပညာသင်ပေးခြင်းပဲ ဖြစ်ပါတယ်" ဟု မိန့်ကြားခဲ့သည်။

လှူဒါန်း

သို့ဖြစ်ပါ၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အခြေခံကျသည့် လူစွမ်းအားအရင်းအမြစ်များ ဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များ မွေးထုတ်ပေးလျက်ရှိသည့် ပုလဲမြို့နယ် မင်းမအရှေ့ ပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်းသို့ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ သင်ရိုးညွှန်းတမ်းစာအုပ်များကို ပညာဒါနအနေဖြင့် လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရ ဖုန်း-၀၉-၄၇၂၃၄၅၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

မြင့်သိန်းစိုး (ပုံတောင်မြေ)

အဆင့်မြင့် စာရင်းရေး၊ စာရင်းကိုင် သင်တန်းဖွင့်

မန္တလေး ဧပြီ ၂၉

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန (ရုံးချုပ်)မှ ကြီးမှူး၍ အဆင့်မြင့် စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ် Grade II Level သင်တန်းဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ်(မန္တလေး) ရန်ကင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ **(အပေါ်ပုံ)** က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်း၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်း၊ သမဝါယမကောလိပ် ကျောင်းအုပ်ကြီး ဦးလှမျိုးနှင့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခမှ သင်တန်းသားများ တက်ရောက်ကြသည်။

ယင်း သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဦးစီးအရာရှိ ၃၉ ဦး၊ ရှမ်းပြည်နယ်မှ ၃၉ ဦး၊ ကချင်ပြည်နယ်မှ ၁၂ ဦး၊ ချင်းပြည်နယ်မှ ခြောက်ဦး စုစုပေါင်း ဦးစီးအရာရှိ ၉၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၂၆)**

စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဝန့်ဝေါ ဧပြီ ၂၉

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဝါးဘိုးချောင်ရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းပွဲကို ဧပြီ ၂၇ ရက်က ကျေးရွာစာသင်ကျောင်း၌ ကျင်းပသည်။

လှူဒါန်း

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းတို့ထံမှ ပေးပို့လှူဒါန်းသည့် စာအုပ်/ဂျာနယ်မျိုးစုံ ၁၀၀ နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် စာကြည့်တိုက်ရန်ပုံငွေကျပ် ၁၄၀၀၀၀ တို့ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင် (၂) ဦးကျော်သန်းဆွေက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြံအောင်ထံသို့ပေးအပ်လှူဒါန်းသည်။ **(၁၀၁)**

ပုလဲပြည်သူ့စာကြည့်တိုက်၌ သတ်ဝင်လှုပ်ရှား

ပုလဲ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူကို ဗဟိုပြု၍ ပြည်သူများ စာဖတ်သည့် အလေ့အထများ တိုးပွားလာပြီး အသိပညာဗဟုသုတ တိုးတက်မြင့်မားလာစေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် စာအုပ်၊ စာစောင်များကို မြို့ပေါ်ရပ်ကွက်များရှိ အိမ်ထောင်စုများထံ သွားရောက်၍ ငှားရမ်းပေးခြင်း၊ ဈေးသူ ဈေးသားများအားလပ်နားနေချိန်တွင် လေ့လာဖတ်ရှုနိုင်ရန် သုတရသစာအုပ်များကို စည်ပင်သာယာဈေးပေါက်တွင် လည်းကောင်း၊ လူနာနှင့် လူနာစောင့်များ ဖတ်ရှုလေ့လာနိုင်ရန် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ လည်းကောင်း၊ အိမ်တွင်းမှုသင်တန်းသူများ အားလပ်ချိန်များတွင် စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် သင်တန်းကျောင်း၌လည်းကောင်း စာပေရေချမ်းစင်များ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ပုလဲမြို့ ပြည်သူ့စာကြည့်တိုက်တာဝန်ခံ ဒေါ်သင်းသင်းနွယ်က "အရင်က စာအုပ်ဖတ်လိုရင် စာကြည့်တိုက်အသင်းဝင်အဖြစ် လျှောက်ပြီးဝန်ထမ်းဆိုရင် သက်ဆိုင်ရာဌာနတာဝန်ရှိသူ၏ ထောက်ခံချက်၊ ကျောင်းသား ကျောင်းသူတွေက ကျောင်းအုပ်ကြီး၊ အတန်းပိုင်ဆရာ ထောက်ခံချက်၊ အရပ်သားများက ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် လိုအပ်တဲ့အတွက် လျှောက်ထားသူများ အခက်အခဲရှိလို့ အသင်းဝင်နည်းပါးပြီး စာအုပ်ငှားသူ၊ စာဖတ်သူ အလွန်နည်းပါးပါတယ်။ တစ်ရက်ကို ပျမ်းမျှ ၁၅ ဦးမှ ၃၀ သာရှိခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ဒေါ်သင်းသင်းနွယ်က ဆက်လက်ပြောကြားရာတွင် "ယနေ့အချိန်မှာတော့ စာပေကို အမှန်တကယ် ချစ်မြတ်နိုးကြသော စာချစ်သူတွေအတွက် အသင်းဝင် လျှောက်ထားရာတွင် ထောက်ခံချက်မလိုအပ်ဘဲ စာငှားကတ်ကိုယ်တိုင်ပြုလုပ်ပြီး စာအုပ်များငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ဌာနက ဖြေလျှော့ပေးခဲ့ပါတယ်။ ပြည်သူ့စာကြည့်တိုက်အဖြစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည်သူကိုဗဟိုပြုပြီး ဝန်ဆောင်မှုပြုလုပ်ပေးခဲ့တဲ့အတွက် ပုလဲမြို့ ပြည်သူ့စာကြည့်တိုက်မှာ တစ်ရက်ပျမ်းမျှစာငှားသူ ၁၀၀ ကျော်ရှိခဲ့ပြီး ပြည်သူ့စာကြည့်တိုက်ဟာ ရင်သန်အောင်မြင်လျက် ရှိပါတယ်" ဟု ပြောကြားသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းစွင့်

ရွှေဘို ဧပြီ ၂၉

ရွှေဘိုမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကိုကို၊ ဦးနီပွန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသားရပ်/ကျေးအုပ်ချုပ်ရေးမှူး ၈၃ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြင့်ထွန်း(ရွှေဘို)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မြစ်ကြီးနား ဧပြီ ၂၉

ဧပြီ ၂၇ ရက် ညနေ ၄ နာရီ ၅ မိနစ်က ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ မြစ်ကြီးနားမြို့အဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ပြည်နယ်ရဲအထူးအဖွဲ့ ရဲအုပ်ရန်အေး ဦးစီးအဖွဲ့သည် နယ်မြေလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်မှု ပြုလုပ်နေစဉ် ဝိုင်းမော်မှ မြစ်ကြီးနားသို့ ယာဉ်မောင်းထွန်းရိန် မောင်းနှင်လာသည့် ခရီးသည်တင် သုံးဘီးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ဒေါ်ခွန်နန် (၄၅ နှစ်) မြစ်ကြီးနားမြို့နေသူနှင့် ဖိုးထိုက်(ခ)အိုက်ဦး(၄၀ နှစ်) တပ်ကန်းရပ်ကွက်နေသူတို့သည် ထိုင်ခုံအောက်မှ မြေရေခံ့အိတ်အတွင်း ရောင်စုံဆပ်ပြာခွက်များဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်ပါ ခွက် ၁၀ ခွက် စုစုပေါင်းအလေးချိန် ၁၃၀ ဂရမ်ခန့်၊ အဖြူရောင်ကြပ်ကြပ်အိတ်အတွင်း အဝါရောင်အိတ်ဖြင့် ပတ်ထားသည့် ရောင်စုံဆပ်ပြာခွက်များ အတွင်းမှ ဘိန်းဖြူအလေးချိန် ၁၃ ဂရမ်ခန့်ပါ ၁၁ ခွက် စုစုပေါင်းအလေးချိန် ၂၇၃ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၃၆၅၀၀၀၀ ခန့်၊ အပြာရောင်ကပ်ခွာအိတ်အတွင်း မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြားပါ ၁၉ ထုပ် စုစုပေါင်း ၃၆၄၈ ပြား ကာလတန်ဖိုး ငွေကျပ် ၁၀၉၄၄၀၀၀ ခန့်ကို သိမ်းဆည်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ နှစ်ဦးအား ဝိုင်းမော်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

သွေးသည် အသက်

ဆိုင်ကယ်အရှိန်လွန် တိမ်းမှောက်

ပုလဲ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပိတောက်ကုန်းကျေးရွာ တောတိုက်နေ မောင်မျိုးသူအောင် (၁၈ နှစ်) သည် ဧပြီ ၂၇ ရက်က တောတိုက်မှ ပိတောက်ကုန်းကျေးရွာသို့ မော်တော်ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် မြောက်ယမားရေကူ ရေလှောင်တမံသွား ကားလမ်း၌ အရှိန်မထိန်းနိုင်ဘဲ လဲကျတိမ်းမှောက်ကြောင်း သိရှိရသဖြင့် ပုလဲရဲစခန်းမှူး ရဲအုပ်မျိုးဦးသည် အခင်းဖြစ်ပွားရာနေရာသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များဆောင်ရွက်ခဲ့ကာ လူနာအား ပုလဲဆေးရုံသို့ ဆေးစာဖြင့် ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

သို့သော်လည်း မောင်မျိုးသူအောင်သည် ဆိုင်ကယ်တိမ်းမှောက်၍ ဒဏ်ရာများရရှိခဲ့ပြီး ပုလဲမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူ နေစဉ် ဧပြီ ၂၈ ရက် နံနက် ၂ နာရီခွဲတွင် သေဆုံးခဲ့ပြီး ပုလဲမြို့နယ် ကန့်ဒေါင့်ရဲစခန်းမှူး ဒရဲအုပ်ရန်အောင်က တရားလိုပြုလုပ်၍ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ခင်မော်(ပုလဲ)**

YCDC ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ သိန်းဇော်မြင့်နှင့် ရဲထက်အောင်တို့ ဗိုလ်စွဲ

ရန်ကုန် ဧပြီ ၂၉

မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ YCDC Cup Summer Golf Championship 2013 (Present by Dagon Beverages) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)ကွင်းတွင် ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ခွန်းလွဲ ၂ နာရီတွင် ငွေသော်တာကလပ်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးညီညီက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၁၄ ချက်ဖြင့် တတိယဆုရရှိသော မျိုးဝင်းအောင်၊ သုံးရက်ပေါင်း လေးချက်လျှော့ရိုက်ပြီး ၂၁၂ ချက်ဖြင့် ဒုတိယဆုရရှိသော သိန်းနိုင်စိုး၊ သုံးရက်ပေါင်း ငါးချက်လျှော့ဖြင့် ၂၁၁ ချက်ရိုက်ပြီး ဗိုလ်စွဲသွားသော ရဲထက်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကိုယ်စား အတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့် ပြိုင်ပွဲတွင် သုံးရက်ပေါင်းရိုက်ချက် နှစ်ချက်လျှော့ စုစုပေါင်း ၂၁၄ ချက်ရိုက်ပြီး တတိယရရှိသော ဇော်ဇော်လတ်၊ သုံးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး ၂၁၁ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း၊ သုံးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး ၂၁၁ ချက်ဖြင့် (Play-Off) ရိုက်ပြီး ဗိုလ်စွဲသွားသော သိန်းဇော်မြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Co,Sponsors များဖြစ်ကြသော U YAN NAING, HAN GOLF MASTERS, IBTC Co, Ltd, KM GOLF CENTER, Taylor Made, CEO GROUP , 21 AD MEDIA, HINTHAR MEDIA, SINGTECH, Max2O, CITY GOLF RESORT HOTEL တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဩပါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ပန်းတောင်း ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ ဧပြီ ၂၅ ရက် နံနက် ၆ နာရီက ပေါ်တော်မူနေရာ ဦးမြတ်စွာဘုရားကြီး အာရုံခံတန်ဆောင်း၌ အရဟတ္တဆွမ်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အမှတ်(၂) မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်လူမှုဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ရပ်မိ ရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်က သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားပြီးနောက် ဩဝါဒါ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆင်တဲကျေးရွာ ဗိုလ်ရုံကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချတရားနာယူပြီး ဗုဒ္ဓသာသနိစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အဝေါ်ပုံ)**

(၁၇၀)

ရွှေရတုအကြိမ် ကျောက်မျက်ပြပွဲ အလားအလာကောင်းမည်

နေပြည်တော် ဧပြီ ၂၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဗဟိုကော်မတီ၏ အကြိမ် (၅၀) မြောက် ရွှေရတုကျောက်မျက်ရတနာပြပွဲအား နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့တွင် ဇွန် ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အသင်းအနေနဲ့က ဒီတစ်ခါက် ဖြင့်ဆင်မှုတွေ အများကြီး ပြုလုပ်မှာပါ။ ဥရောပသမဂ္ဂရဲ့ ပိတ်ဆို့မှုတွေ ဖွင့်ပြီးတဲ့အချိန် ပထမဆုံးလုပ်ရမဲ့ပွဲမို့ ကျောက်မျက်လုပ်ငန်းရှင်တွေအားလုံး စိတ်လှုပ်ရှားနေကြတယ်။ အများကြီး မျှော်လင့်ထားပါတယ်။ ကျောက်မျက်ကဏ္ဍနဲ့ ပတ်သက်ပြီး အခွင့်အလမ်းတွေ ဝင်လာမယ်ဆိုတာ အသေအချာပါပဲ။ ရောင်းနိုင်မယ့်ဈေးနှုန်းတွေကိုတော့ ညှိနှိုင်းရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အဖွင့်အနေအထားမှာ ကိုယ့်ဘက်က အကောင်းဆုံးပြင်ဆင်ထားဖို့ ရည်စူးနေပါတယ်" ဟု Jade Grace ၏ မန်နေဂျင်းဒါရိုက်တာမအိက ပြောကြားသည်။

အဆိုပါပြပွဲအား ကျင်းပရေးကော်မတီမှ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ထုတ်လုပ်၊ ရောင်းချခြင်း ဆောင်ရွက်လျက်ရှိသည် မြန်မာနိုင်ငံသားများ ဝယ်ယူခွင့်ပြုသည်အတွက် လက်ရှိဈေးကွက်အတွင်း ကုန်ကြမ်းရှားပါးလျက်ရှိသည့် မန္တလေးကျောက်ဝိုင်း လောကသားများအတွက်လည်း များစွာအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ပြပွဲအား ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်ထားခဲ့ပြီး ယခုကျင်းပမည့်အချိန်အား ကျောက်မျက်လောကသားများအပြင် ပြည်ပရှိ စီးပွားရေးလုပ်ငန်းရှင် အများစုကပါ မျက်စိကျစိတ်ဝင်စားလျက်ရှိကြောင်း မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း၏ အမှုဆောင် ဦးဇော်ဇော်က ပြောကြားသည်။

ယခုကျင်းပမည် အကြိမ်(၅၀) မြောက် ကျောက်မျက်ရတနာပြပွဲအတွင်း ကျောက်မျက်အတွဲပေါင်း ၉၀၀၀ ကျော် ပါဝင်ပြသနိုင်ခြေရှိကြောင်း ကျောက်မျက်အသိုင်းအဝိုင်းမှ သိရှိရသည်။ **(အောက်ပုံ) ခင်ရတနာ**

အဝေးပြေးယာဉ်ရပ်နားစခန်း၌ သင်းခွေချပ်တစ်ကောင် တွေ့ရှိ

မကွေး ဧပြီ ၂၉

ကားကြီးကွင်းအတွင်းရှိ ယုဇနစားသောက်ဆိုင်ဘေးတွင် ဧပြီ ၂၉ ရက် နံနက်ပိုင်းက သင်းခွေချပ်တစ်ကောင်အား တွေ့ရှိရသဖြင့် ပြည်သူတစ်ဦးက ဖမ်းဆီးပြီး ကားကြီးကွင်းအတွင်းရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီရုံးသို့ ပို့ဆောင်ပေးခဲ့သည်။

ပို့ဆောင်မည်

အဆိုပါသင်းခွေချပ်မှာ အလေးချိန် လေးပိဿာခန့် အလျား ၂ ပေ ၆ လက်မ၊ လုံးပတ် ၁ ပေ ၇ လက်မ ခန့်ရှိပြီး မကွေးမြို့နယ် အမှတ်(၂) ရဲစခန်းတွင် ထိန်းသိမ်းထားကာ နေပြည်တော် တိရစ္ဆာန်ရုံသို့ ဆက်လက်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

၎င်းသင်းခွေချပ်အား မတွေ့ရှိမီ ယခင်ရက်ပိုင်းကလည်း မကွေးမြို့ ဖြင်သာရပ် မဲထီးလမ်းပေါ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးဝင်းအတွင်းကလည်း သင်းခွေချပ်တစ်ကောင်ကို တွေ့ရှိခဲ့သည်။

မြင့်သူထွန်း(မကွေး)

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲ ခံခဲ့ရသော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ရစ်ဦး၏ မဲဆန္ဒရှင်ပြည်သူများအား ပထမအကြိမ်လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲနှင့် ပြည်သူ့သဘောထားခံယူပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ထန်းတပင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးအောင်ခင် တက်ရောက်၍ လွှတ်တော်တွင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်သော ကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

အစီအစဉ်အရ ဒေါပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းစိန်၊ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြသိန်း၊ တာမွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝင်းထိန်၊ တာခွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအေးသိန်း၊ လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်း၊ လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနေလင်း၊ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမျိုးမင်းအောင်တို့က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်လာသော ပြည်သူများက မိမိတို့၏ အခက်အခဲများ၊ ပတ်ဝန်းကျင်အခက်အခဲများ တင်ပြကြရာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဖြေကြား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၀၁၅)**

သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးပေါ် ဖုန်းနံပါတ်များနှင့် ပြည်သူတို့၏နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ကြေညာ

နေပြည်တော် ဧပြီ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတို့၏ လုံခြုံရေးအား ကူညီဆောင်ရွက်ရန်နှင့် ပြည်သူလူထုမှ ပူးပေါင်းကူညီရန်အတွက် ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူလူထု၏နစ်နာချက်များ၊ ရဲတပ်ဖွဲ့များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုလုပ်မှုများ၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် အရေးပေါ် Hot Line ဖုန်းနံပါတ် ၁၉၉ တယ်လီဖုန်းများ၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

အဆိုပါ ဖုန်းနံပါတ်များအား အများပြည်သူတို့ သိရှိဆက်သွယ်နိုင်ကြောင်းနှင့် ၎င်းဖုန်းများသို့ ဆူပူ၊ နှောင့်ယှက်မှုများ မပြုလုပ်ကြပါရန်လည်း မေတ္တာရပ်ခံထားကြောင်း။

အရေးပေါ် Hot Line တယ်လီဖုန်းအမှတ် ၁၉၉ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့၊ ကချင်၊ ကယား၊ ကရင် ၊ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးများတွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် အမှတ်(၁)ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နှင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်း၊ ကျိုင်းတုံမြို့တို့၌လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။

ပြည်သူလူထုမှ နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဖုန်း ၀၆၇-၄၁၂၂၂၂ နှင့် ၀၆၇- ၄၁၂၄၄၄၊ နေပြည်တော်ရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၅၅၀၃၃၃၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၇၄-၂၁၄၄၄၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၈-၂၃၃၅၅၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၇၁-၂၄၉၉၆၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၅၉-၂၃၉၉၈၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၅၂-၂၃၉၉၉၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၆၃-၂၈၀၉၉၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၂-၆၁၄၄၄၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၇-၂၄၉၈၇၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၄၃-၂၂၈၃၃၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၁-၂၃၀၂၁၉၉၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၈၁-၂၁၂၅၄၅၅၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၄၂-၂၃၈၄၄ တို့ ဖြစ်ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တတိယအကြိမ် ပဟာပဋ္ဌာန်းရွတ်ပတ်ပူဇော်ပွဲ အထိမ်းအမှတ် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်

မော်လမြိုင် မေ ၂၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ တိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ်ကို သံဃာတော်များနှင့် စာသင်တိုက်များသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၂ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ တိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အတုလရန်အောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်ကြီးများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ လိုင်းပေါင်းစုံဥက္ကဋ္ဌများနှင့် ဝန်တမ်းများ တက်ရောက်ခဲ့ကြသည်။

ရေးဦးစွာ အတုလရန်အောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလ္လတ်မှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့ လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးထွန်းလှိုင်၊ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ တိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးမောင်ချစ် **(အဝေါ်ပုံ)** နှင့် ဝန်တမ်းများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး မြစေတီစာသင်တိုက်၊ ဆင်ဖြူကျောင်း စာသင်တိုက်၊ စိန်မမကျောင်းစာသင်တိုက်၊ မဟာမြိုင် စာသင်တိုက်၊ ဂျိုးဂျိုးကျတောရစာသင်တိုက်တို့အား ဆွမ်းဆန်တော် ၁၅ အိတ်၊ ဆီ ၁၀ ပိဿာစီ ကာလတန်ဖိုး ကျပ်သိန်း ၃၀ ကျော်ခန့် အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကိုလည်း ကော်မတီရုံးအစည်းအဝေးခန်းမတွင် မေ ၁၈ ရက်မှ မေ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရှိရသည်။

ကျော်သန်း(မော်လမြိုင်)

ရန်ကုန်နွေနှင့် လိုအပ်နေသည့်ရေ

သတင်းဆောင်းပါး – ခင်ရတနာ
ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်း မြို့နယ်အချို့နှင့် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်တို့၌ ရေရှားပါးသည့်ပြဿနာများ ဖြစ်ပွားနေကြောင်း သိရသည်။

"အထပ်မြင့်မှာနေရတော့ ရေကအလွန်ဒုက္ခရောက်တယ်။ ရေကညဘက်ဆိုရင် အားကောင်းတယ်။ မီးလည်း ညဘက်ဆိုလာနေတဲ့အတွက် ည ၁ နာရီကနေ ၃ နာရီကြား ရေမော်တာတဖွင့်ရတယ်။ ရတဲ့ရေကနောက်တစ်နေ့လုံး လောက်အောင်သုံးရတာပဲ။ ပူအိုက်တဲ့ ရာသီဆိုတော့ ရေဒုက္ခအလွန်များတယ်"ဟု ၉၄ လမ်းရှိ ရေမော်တာစောင့်ဖွင့်နေရသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ရေမော်တာတပ်ဆင်ထားနိုင်သည့် အတပ်မြင့်နေတိုင်သူများမှာ ညအချိန် ၁ နာရီနီးပါး မောင်းတင်နိုင်ပါက တစ်ရက်တာ ရေဒုက္ခကင်းဝေးရသော်လည်း သာကေတမြို့နယ်အတွင်း နေထိုင်သူ မစိုးစိုးကမူ "အရင် ဂျိုးဖြူရေမယူတုန်းက အဆင်ပြေသေးတယ်။ ဝယ်သုံးလို့ ရတယ်၊ အခုအိမ်တိုင်းအိမ်တိုင်း ရေဘုံဘိုင်ဖွင့်တာနဲ့ ရလာတဲ့ခေတ်ဆိုတော့ ရေအားကနည်းပြီး အိမ်ကြီးအိမ်ကောင်းတွေက မော်တာဖွင့်လိုက်တာနဲ့ ကျွန်မတို့လို လူတွေက ဘုံဘိုင်ဘေးမှာ ငုတ်တုတ်မိုးလင်းနေရတယ်" ဟု သူမအတွေ့အကြုံကို မြောပြသည်။

မြောမြဲ

ရန်ကုန်မြို့အတွင်း လျှပ်စစ်မီးအချိန်မှန် ပြတ်တောက်နေသည့်အပြင် သောက်သုံးရေမှာလည်း အားနည်းမြင်း၊ ပြတ်တောက်ခြင်းများ ဆက်တိုက်ဖြစ်ပွားနေခြင်းကြောင့် ရေရရှိမှု ဗျာများနေရပြီး အများစုသော ရေပြတ်လပ်မှုများသည် ငမိုးရိပ်ရေပေးဝေရေးစခန်းမှ ဆက်သွယ်ထားရှိသည့် ရပ်ကွက်များဖြစ်ကြောင်း ဒဂုံဆိပ်ကမ်းမြို့ နယ်အတွင်းရှိ ကိုခင်ဇော်က ပြောပြသည်။

အခမဲ့ရေပေးဝေ

တို့အပြင် တန်ဖိုးနည်းအိမ်ရာအချို့နှင့် ဆင်ခြေဖုံးရပ်ကွက်များ၌လည်း ရေမရရှိမှုကြောင့် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများ၊ NGOs များ ပူးပေါင်းကာ အခမဲ့ရေပေးဝေရေး လုပ်ငန်းများ ဆက်တိုက်ဆောင်ရွက်လာသည်။ **(အောက်ပုံ)**

ထို့အပြင် ရန်ကုန်မြို့နှင့် အနီးစပ်ဆုံးမြို့နယ်တစ်ခုဖြစ်သည့် ဒလမြို့နယ်အတွင်း၌လည်း နှစ်စဉ်ဖြစ်ပွားနေကျ ရေပြတ်လပ်မှုများ စတင်လာပြီး ရေကန်များအတွင်း ရေခပ်ချိန်များအား ကန့်သတ်ထားပြီးဖြစ်ကြောင်း သိရသည်။

"တပင်ရွှေထီးနဲ့ ကျန်စစ်သားရပ်ကွက်ပတ်ဝန်းကျင်တစ်ဝိုက်ကတော့ ရေဒုက္ခအရောက်ဆုံးပဲ။ ကျွန်တော်တို့ဆီမှာ နွေရာသီဆိုရင် ရေဒုက္ခကို အလူးအလဲခံရတာ။ ဘယ်တော့များမှ အဆင်ပြေမလဲ မသိတော့ဘူး။ စီမံကိန်းဆိုပြီး မနှစ်ကလည်း သတင်းစာထဲမှာ ဖတ်ရသေးတယ်။ အခုထိတော့ ဖြစ်မလာသေးပါဘူး။ သဘာဝရေကန်တွေကတောင် ရေတွေခပ်ရတာ ကုန်မှာစိုးလို့ တားမြစ်နေကြတယ်"ဟု ဒလမြို့ခံ ကိုမြတ်ထွေး-မစမွန် ကုန်စုံဆိုင်ပိုင်ရှင်က ပြောပြသည်။

ပြန်လည်ဖြေကြား

ဒလမြို့ပေါ်ရှိ သောက်သုံးရေကန် ၁၂၅ ကန်မှာ မြို့နေလူဦးရေအတွက် လိုအပ်ချက်များရှိနေခြင်းကြောင့် ယခုကဲ့သို့ ရေခပ်ချိန်များ ကန့်သတ်ထားရပြီး တစ်နေ့လျှင် နှစ်ကြိမ် သို့မဟုတ် တစ်ကြိမ်စီ ရေသယ်ယူခွင့်ရရှိကြောင်းနှင့် လာရောက်လှူဒါန်းသူ ရေကုသိုလ်ရှင်များလည်း ပိုမိုများပြားလာကြောင်း ဒလမြို့နယ် တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

ဇာတ်သဘင်လောက တစ်ခေတ်ပြန်လည်ဦးမော့လာရေး သဘင်ပညာရှင်များ ဝတ်စားဆင်ယင်မှုထိန်းသိမ်းတန်ဖိုးထား

ရန်ကုန် မေ ၂၉

မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်မှုများဖြင့် ဇာတ်သဘင်၊ အငြိမ့်၊ ဆိုင်း၊ တေးသရုပ်ဖော် စသည့်မြန်မာ့ရိုးရာယဉ်ကျေးမှုဇာတ်သဘင်ကို တန်ဖိုးတား မြတ်နိုးသည် ပြည်သူများအား ဖျော်ဖြေတင်ဆက်ရာတွင် မြန်မာ့ဇာတ်သဘင်သားများအနေဖြင့် အနောက်တိုင်းခေတ်ဆန်လွန်းသည် ဝတ်စားဆင်ယင်မှုများဖြင့် ဝတ်ဆင်ဖျော်ဖြေတင်ဆက်ပါက ထိရောက်စွာအပြစ်ပေး အရေးယူ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ပန်းတျာ ဦးမြကြည်က မေ ၂၆ ရက်တွင် အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဒီဇာတ်သဘင်လောကကို မျိုးဆက်သစ်လူငယ်တွေ ဆက်လက်တိန်းသိမ်းတန်ဖိုးတားလာအောင် လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။ တချို့ဇာတ်တွေမှာ ပွဲကြည်ပရိသတ်ပြည်သူတွေနဲ့ မကြာခဏ ဆိုသလို စင်ပေါ်နဲ့စင်အောက် အမြဲပြဿနာတက်လေ့ရှိပါတယ်။ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့ ဝတ်စားဆင်ယင်မှုတွေကို ကျွန်တော်တို့လုံးဝလက်မခံတော့ပါဘူး။ အဲဒီလို သရုပ်ပျက် ဝတ်စားဆင်ယင်မှုလုပ်တာ၊ ပွဲကြည်ပရိသတ် ပြည်သူတွေနဲ့ မြဿနာတက်တာတွေ့မြင်ရင် ပတမဦးဆုံးအနေနဲ့ ခေါ်ယူဆွေးနွေးသတိပေးမယ်၊ ပြီးတော့ ပြစ်မှုကြီးငယ်ပေါ်မူတည်ပြီး ဒဏ်ငွေပေးဆောင်ရမယ်။ ပြီးတော့ပွဲကပြခွင့်ပိတ်မယ်။ နောက်ဆုံးအဆင့်အနေနဲ့ အစည်းအရုံးဝင်အဖြစ်မှ ထုတ်ပယ်မယ်၊ အဲဒီလိုအဆင့်ဆင့် ကြပ်မတ်သွားမှာပါ။ ဒါမှလည်း ကျွန်တော်တို့ ဇာတ်သဘင်လောက တစ်ခေတ်ပြန်ပြီး ဦးမော့လာမှာ ဖြစ်ပါတယ်" ဟု ပြောမြခဲ့သည်။

မြန်မာနိုင်ငံ ဇာတ်သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)သည် မကြာမီ ပြက္ခဒိန်နှင့် မဂ္ဂဇင်းတို့ကိုလည်း စတင်တုတ်တော့မည်ပြစ်သည်။ ထိုအပြင် သဘင်ပညာလောကသားများ၏ နာရေးတစ်ခု ဖြစ်ပေါ်လျှင် တစ်ဦးလျှင် အကူငွေ ကျပ် ၅၀၀၀၀ နှုန်းဖြင့် ကူညီတောက်ပံ့မှုများလည်း ပြုလုပ်ခဲ့သည်။ ယခုလတွင် ဗိုလ်စတားဆိုင်းအဖွဲ့မှ နှစ်ဦး၊ ဝင်းခရွှစင် ဇာတ်အဖွဲ့မှ နှစ်ဦး၊ စိုင်းဗိုလ်ဟိန်း သားဗိုလ်ဒက်အဖွဲ့မှ တစ်ဦးနှင့် လူရွှင်တော်ကိုခာတ်စံတို့ ကွယ်လွန်သဖြင့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ခုနစ်ဦးအတွက် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ တို့ကိုလည်း အဆိုပါအခမ်းအနားတွင် ကူညီထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

စုဝေါင်းဖွဲ့စည်း

ယခုအသစ်တပ်မံဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)တွင် ဥက္ကဋ္ဌ ပန်းတျာဦးမြကြည်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် အကယ်ဒမီစိန်မွတ္တားနှင့် မြေလတ်ဦးစောလှိုင်၊ အတွင်းရေးမှူး ဦးမိုးဝင်းတို့ဖြင့် ဦးဆောင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များနှင့် အမှုဆောင်များအဖြစ် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သဘင်ပညာရှင်များ စပေါင်းဖွဲ့စည်းတားကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

Depression (စိတ်ကျရောဂါ)
ကို မေတ္တာဖြင့်
ကုသပေးဝါမည်။
ဖုန်း-၀၉-၄၂၁၀၀၃၈၄၁

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၂၊ မြေကွက် ပေ (၄၀×၆၀)၊
ဖုန်း-၀၉-၄၉၂၇၇၆၄၀

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးစိုးနိုင် ၁၂/မဂတ(နိုင်)၀၆၈၆၆၁ ၏ Passport No.422629 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၅၈၇၂၇

ပျောက်ဆုံးကြောင်း
ကျွန်မ မကျော်ရွှင်တီ၏ ပတ်စပို့ M-၂၃၆၉၇၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၈၉၃၃၉

ဆီဘောက်ဆာကားငှားရန်ရှိသည်
Nissan ရှစ်ဘီး၊ ဂါလန် ၃၂၀၀ ဆံ့၊ Nissan ရှစ်ဘီး၊ ဂါလန် ၂၈၀၀ ဆံ့၊ စာရွက်စာတမ်းအစုံ၊ လချူ်ငှားမည်ဖြစ်သည်။
ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၁၂၅၄၇

အမည်ပြောင်း
တောင်တွင်းကြီးမြို့၊ အမှတ် ၁၀၄၊ ရွှေအိး အမက၊ စတုတ္ထတန်း(ခ)တွင် ပညာသင်ကြားနေသော ဦးသူရမြင့်လှိုင်၏ သမီး မထက်ထက်သူစံ(ခ)မသူဇာအား မိုးထက်သူဇာဟု ပြောင်းလဲခေါ်ဆိုပါရန်။
မိုးထက်သူဇာ

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးမင်းဇော် ၃/ဘအန(နိုင်)၁၈၄၇၅ ၏ နိုင်ငံကူးလက်မှတ် M-၅၁၉၉၆၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၃၀၅၉၅၉

ကန့်ကွက်နိုင်ဝါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၅၂၊ အလျား ပေ ၄၀၊ အနံ ပေ ၆၀ အကျယ်အဝန်းရှိ ဦးခင်မောင်ထွန်း အမည်ပေါက် ပါမစ်မြေအမျိုးအစားကို လက်ရှိထားပိုင်ဆိုင်သူ ဦးဇော်မင်း ၁၀/မဒန(နိုင်)၀၁၉၁၄၇ က ဦးဇော်မင်း၏ မိတ်ဆွေကို ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ၍ ခုနစ်ရက်အတွင်း ဦးဇော်မင်းထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးဇော်မင်း
၁၀/မဒန(နိုင်)၀၁၉၁၄၇
ဖုန်း-၀၉-၅၀၃၈၃၈၁

အမည်ပြောင်း
အထက(၁) အောင်လံ၊ ဆဋ္ဌမတန်း(C)မှ ဦးစိုးလင်း၏ သား မောင်အောင်မင်းသန့်အား မောင်ထက်အောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်သန်းညို ၃/ဘအန(နိုင်)၁၆၂၆၆၃ ၏ နိုင်ငံကူးလက်မှတ် M-၅၁၉၈၁၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၃၀၅၉၅၉

ကြော်ငြာ

တော်ဝင်စိန်သားစုတဲ့ကုမ္ပဏီသည် နေရာကောင်းကောင်းတွင် အဆင့်မြင့်မြင့်နေထိုင်လိုသူများ၊ အတွက် ဗဟန်းမြို့နယ်အတွင်း အလုံခြုံဆုံးနေရာတွင် ပန်းသစ်ခွပုံသဏ္ဌာန် Orchid Condominium အိမ်ရာတို့ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ထူးခြားစွာ ဆောင်ရွက်ပေးလိုက်ပါသည်။

- ➢ ရန်ကုန်မြို့၏ အချက်အချာကျပြီး ဆိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိခြင်း။
- ➢ ယာဉ်ပိတ်ဆို့မှု ကင်းဝေးပြီး သွားလာလွယ်ကူသည့် နေရာတွင် တည်ရှိခြင်း။
- ➢ အလုံမြို့နယ် အ.ထ.က(၁/၂/၃/၄/၅/၆)ကျောင်းများ၊ Sakura ဆေးရုံ၊ အာရုံတော်ဝင်ဆေးရုံ၊ ပင်လုံဆေးရုံ၊ ကလေးဆေးရုံ၊ အာကာသဆေးရုံ စသည့်ဆေးရုံများ ၊ Shopping Centre များ၊ ဈေးများနှင့် နီးကပ်စွာတည်ရှိခြင်း။
- ➢ ဖွဲ့စည်းမှုကောင်းသော အခန်းများတွင် စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်သော နေထိုင်မှုဘဝကို ခံစားရရှိနိုင်ခြင်း။
- ➢ စနစ်တကျဆောင်ရွက်ထားသော ရေပေးဝေမှုစနစ် ၊ မီလျှာစနစ်၊ အမှိုက်နှင့် သန့်ရှင်းရေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးကာကွယ်ရေးစနစ် စသည်တို့ကို အဆင့်မြင့်မြင့် ဆောင်ရွက်ထားရှိခြင်း။
- ➢ လုံလောက်သော Car Parking ၊ အားကစားခန်းမ၊ ရေကူးကန်၊ Mini Market များကို ထည့်သွင်းတည်ဆောက်ထားခြင်း။
- ➢ (၂၄)နာရီ လျှပ်စစ်မီးရရှိရန်အတွက် Generator များအလုံအလောက်တပ်ဆင်၍ ခေတ်မီလျှပ်စစ်ကိရိယာများ အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်ထားခြင်း။
- ➢ အခန်းတွင်းကို ခေတ်မီစွာ အဆင့်မြင့် ပြင်ဆင်ပေးခြင်း။
- ➢ နောက်ဆုံးပေါ်မြန်နှုန်းမြင့် ဓာတ်လှေကား(၄)စင်း တပ်ဆင်ထားခြင်း။
- ➢ မည်သည့်ကုမ္ပဏီမှ ဆောင်ရွက်ပေးဖူးခြင်းမရှိသည့် လုံခြုံရေး၊ သန့်ရှင်းရေး၊ မီလျှာစနစ်၊ ဓာတ်လှေကားတို့အတွက် လျှပ်စစ်မီတာခအပါအဝင် **ဝန်ဆောင်မှု စရိတ်များကို (၁၅)နှစ်တိုင်အောင် တစ်ပြားမှ မယူဘဲ** ကျခံဆောင်ရွက်ပေးခြင်း စသည့်အထူးကောင်းမွန်သော အကျိုးများရရှိနိုင်သည့် **Condominium** ကိုစတင်ရောင်းချပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပေးအပ်ပါသည်။

Type အမျိုးအစား(၈)မျိုးဖြင့် ဖွဲ့စည်းထားပြီး ဈေးနှုန်းကျပ်သိန်း(2550) မှ ကျပ်သိန်း(5700) တန်ဖိုးရှိ အဆင့်မြင့် Condominium တိုက်ခန်းများအား မိမိကြိုက်နှစ်ရာ ရွေးချယ်ဝယ်ယူနိုင်ပါပြီ။

Customer များ၏ တောင်းဆိုချက်အရ နောက်ဆုံးအနေဖြင့် အခန်း(၃၀)ကိုထပ်မံတိုးမြှင့်၍ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအား ပေါ့ပေါ့လက်ဆောင်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အခန်း(၅၀)အားပထမဦးဆုံး ဝယ်ယူအားပေးသော Customer များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

အရောင်းစင်တာ

တော်ဝင်စင်တာ ၊ ဒုတိယထပ် ၊ အခန်း (၄၀၀၁) ၊အမှတ်(၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် ။

နိုင်ငံတကာအားကစားသတင်း

ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုနှင့် ဂါရက်ဘေးလ်

ဒီနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုနဲ့ တစ်နှစ်တာလူငယ်အကောင်းဆုံး ကစားသမားဆုတွေကို စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်က တစ်ဦးတည်းဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂါရက်ဘေးလ်အခုလို အကောင်းဆုံးကစားသမားဆုတွေ ရရှိခဲ့တာဟာ ပရိသတ်တွေရဲ့ ဆန္ဒနဲ့ထပ်တူ တစ်ထပ်တည်းဖြစ်ခဲ့တာတော့ အမှန်ပါပဲ။

အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ဂါရက်ဘေးလ်ဟာ ပရီမီယာလိဂ် ဘောလုံးရာသီတစ်ရာသီအတွင်းမှာ အဲဒီဆုနှစ်ဆု တစ်ပြိုင်တည်း ဆွတ်ခူးရရှိတဲ့ တတိယမြောက် ဘောလုံးသမားထည်းဖြစ်လာခဲ့ပါတယ်။ အရင်ကရရှိခဲ့တဲ့ ဘောလုံးသမားတွေကတော့ ၁၉၇၆-၇၇ ဘောလုံးရာသီမှာ အင်ဒီဂရေးက ပထမဆုံးရရှိခဲ့ပြီးနောက် ဒုတိယကတော့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ စီရိုနယ်ဒိုက ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒီနှစ်ပရီမီယာလိဂ် အကောင်းဆုံးဆုကို ဂါရတ်ဘေးလ်က မန်ယူတိုက်စစ်မှူး ဗန်ပါစီနဲ့ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်တို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဆွာရက်ဇ်ကတော့ လောလောဆယ်မှာ ၁၀ ပွဲပြစ်ဒဏ်ချမှတ်ခံနေရပြီး ဗန်ပါစီကတော့ ဒီနှစ်ပရီမီယာလိဂ် အကောင်းဆုံးအသင်းမှာ တိုက်စစ်မှူးအဖြစ် ပါဝင်ရွေးချယ်ဖော်ပြခြင်းခံရပါတယ်။ ဂါရက်ဘေးလ်ဟာ ၂၀၁၀-၂၀၁၁ ခုနှစ် ဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့ဖူးပါတယ်။ ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုတွေရရှိခဲ့မှုကိုကြည့်ရင် ၂၀၀၇-၂၀၀၈ က စီရိုနယ်ဒို၊ ၂၀၀၈-၂၀၀၉ က ရိုင်ယန်ဂစ်၊ ၂၀၀၉-၂၀၁၀ မှာ ရွန်းနေ၊ ၂၀၁၀-၂၀၁၁ မှာ ဂါရက်ဘေးလ်၊ ၂၀၁၁-၂၀၁၂ မှာ ဗန်ပါစီနဲ့ အခု ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဂါရက်ဘေးလ်တို့ပဲဖြစ်ပါတယ်။

ဂါရက်ဘေးလ်ဟာ ဆောက်သမ်တန်အသင်းကနေပြီး စပါးအသင်းကို ၂၀၀၇ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းနဲ့ ရောက်ရှိလာခဲ့ပြီး အခုထိ စပါးအသင်းမှာပဲ ကစားနေတဲ့သူဖြစ်ပေမယ့် ဥရောပထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ အပြိုင်အဆိုင်ကြိုးစားနေတာမို့ လာမယ့်ဘောလုံးရာသီမှာ ဘယ်အသင်းကို ရောက်ရှိမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။

ဂါရက်ဘေးလ်ဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှာ အခုအထိ ပရီမီယာလိဂ်ဘောလုံးပွဲစဉ် ၂၉ ပွဲ ကစားပေးထားပြီး ၁၉ ဂိုးသွင်းယူပေးထားနိုင်တာမို့ ပြီးခဲ့တဲ့ဘောလုံးရာသီတွေမှာ သွင်းခဲ့တဲ့ဂိုးအရေအတွက်ထက် အများကြီးသွင်းယူထားနိုင်ပါတယ်။

ဂါရက်ဘေးလ်က ၂၀၁၁-၂၀၁၂ မှာ ကိုးဂိုး၊ ၂၀၁၀-၂၀၁၁ မှာ ခုနစ်ဂိုး၊ ၂၀၀၉-၂၀၁၀ မှာ သုံးဂိုး၊ ၂၀၀၈-၂၀၀၉ မှာတော့ သွင်းဂိုးမရှိခဲ့ပေမယ့် ၂၀၀၇-၂၀၀၈ ခုနှစ်မှာ နှစ်ဂိုးသွင်းယူခဲ့တာမို့ တစ်နှစ်ထက်တစ်နှစ် ခြေစွမ်းပြကစားထားနိုင်တဲ့ ဘောလုံးသမားတစ်ဦးဖြစ်ပါတယ်။

ဂါရက်ဘေးလ်ရဲ့ ဒီနှစ်ဘောလုံး ခြေစွမ်းပြမှုက ရိုင်ယန်ဂစ်လိုပဲ ဝေလရဲ့ ဘောလုံးအားကစားပုံရိပ်ကို ပိုမိုတောက်ပစေပြီး စပါးအသင်းကိုလည်း အောင်မြင်မှုတွေပေးစွမ်းနိုင်ပါတယ်လို့ ပရီမီယာလိဂ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂေါဒန်တေလာက ချီးကျူးပြောကြားနေတာမို့ ဂါရက်ဘေးလ်ရဲ့ခြေစွမ်းကို လာမယ့်ဘောလုံးရာသီတွေမှာ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် – ရေးသားသည်

ရာဖေးလ်နာဒယ် ဖလားဆွတ်ခူး

စပိန်နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးထ်နာဒယ်သည် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား နီကိုလတ်အယ်လ်မာဂရိုအားအနိုင်ရပြီး ကိုးနှစ်အတွင်း ရစ်လုံးမြောက် ဘာစီလိုနာအိုးပင်းဖလားအဖြစ် ဆွတ်ခူးခဲ့သည်။ ဘယ်သန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ၂၀၀၃ ခုနှစ်ကတည်းက ဘာစီလိုနာအိုးပင်းတွင် ရှုံးပွဲမရှိခဲ့ပေ။ ယခုနှစ်ပြိုင်ပွဲတွင် ရာဖေးထ်နာဒယ်က အယ်လ်မာဂရိုအား ၆-၄၊၆-၃ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ နာဒယ်သည် လွန်ခဲ့သည့် သီတင်းပတ်က မွန်တီကာလိုဖလား ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်ကိုရှုံးပြီး ဖလားလက်လွှတ်ခဲ့ရသည်။ သို့သော်လည်း ဖေဖော်ဝါရီလအတွင်း ပြန်ထည်ကစားခဲ့ရာမှ ဖလားလေးလုံး ဆွတ်ခူးထားပြီဖြစ်သည်။

ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒေးဗစ်ဟေး မန်ချူရယ်ချားနှင့် ထိုးသတ်မည်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဦးမောင်မောင်ဌေး (စည်းကမ်းထိန်း-၃)သည် ၂၄-၄-၂၀၁၃ရက် ည ၈း၂၀နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်မင်းနိုင်(ညွှန်ကြားရေးမှူး)နှင့်ဇနီးဒေါ်ကြူကြူခိုင်မိသားစု
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေသည် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၃၇၁)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ရန်ဆုံးစီ ၁၃/မဆတ (နိုင်)၀၂၉၂၈၇ထံမှ အဆိုပါမြေကွက်အား လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝေမီလှိုင် (LL.B,D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၅၃၀၇)
အမှတ်(၆၇)၊ ခြောက်လွှာ(A)၊ ၀၀ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၀၉၄၆၃

ဖခင်အမည်မှန်

အလက (၂)၊ တောင်ဥက္ကလာပမြို့နယ်၊အင္ဂမတန်း(ခ)၌ ပညာသင်ကြားနေသော မအေးမင်းခိုင်နှင့် မအေးမွန်ကျော် ၁၂/ဥကတ(နိုင်)၁၈၀၆၄၆ ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး (ခ) ဦးအောင်ဆန်းဦးဖြစ်ပါသည်။

ဦးဆန်းဦး(ခ)ဦးအောင်ဆန်းဦး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၅၅၄၊ မြေကွက်တည်နေရာအမှတ်-၅၅၄၊ ၄၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါက်တာမြမြအေး အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒေါက်တာမြမြအေး ထံမှ GP ၁၄-၂-၁၂ ဖြင့် ဒေါက်တာကျော်သက်လူ ၁၂/လသန(နိုင်) ၀၁၁၆၉၈၈ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့်တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်ဖိ၀မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကရိုတ်စခါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အမှတ်တံဆိပ်

အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

- အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
- အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
- ရေရှည်သောက်သုံးခြင်းဖြင့် အဆိပ်အတောက်အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။
- နာတာရှည်အသည်းရောဂါရှိသူများ အရက်သောက်နေသူများ အသည်းရောဂါပိုးရှိသူများ အသည်းခြောက်၊ အသည်းအဆီဖုံး အသည်းကြီး အသည်းရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရမည့် တိုင်းရင်းဆေးဖြစ်ပါသည်။
- ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင် ထက်မြက်ကြောင်းကို ခိုင်မာသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းကို ဂုဏ်သိက္ခာ မြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသန ညီလာခံများတွင် တင်သွင်းခဲ့ပါသည်။

ကုက္ကိုတန်းနှင့် အဝေးပြေးလမ်း

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးများတစ်လျှောက် ကုက္ကိုပင်ကဲ့သို့ သစ်ပင်ကြီးများရှိနေခြင်းသည် မောင်းနှင်သွားလာနေကြသည့် ကားကြီး ကားငယ်အသွယ်သွယ်တို့အတွက် အရိပ်အာပါသအောက်တွင် မပင်မပန်းမောင်းနှင်သွားလာနိုင်ကြကြောင်းကို အားလုံးအသိပင်ဖြစ်ပါ၏။ ကုက္ကိုတန်းနှင့်အဝေးပြေးလမ်းသည် အလွန်ပန်သင့်လှသည်ဟု ဆိုရပေမည်။ ကုက္ကိုပင်ကြီးများ၏ အရိပ်သည် လမ်းတစ်လျှောက် အုံ့ဆိုင်းနေသဖြင့် မော်တော်ယာဉ်များ သွားလာရာတွင် အဆင်ပြေမှုရှိလှပါသည်။

ကုက္ကိုပင်ကြီးများသည် မြေဆီလွှာပျက်စီးမှုကို ထိန်းထားနိုင်သည့်အပြင် မော်တော်ကားလမ်းမတစ်လျှောက် အရိပ်များအုံ့ဆိုင်းနေသဖြင့် လမ်းပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။ လမ်းဘေးဝဲယာတစ်လျှောက် ကုက္ကိုပင်ကြီးများရှိနေခြင်းသည် တစ်နည်းအားဖြင့် ယာဉ်တိမ်းမှောက်မှု အန္တရာယ်ကိုလည်း နည်းပါးစေနိုင်သည်။ အဘယ်ကြောင့်ဟုမူ လမ်းဘေးဝဲယာတစ်လျှောက် ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းပေးထားသဖြင့် ယာဉ်မောင်းများ၏ ဦးတည်ရာလမ်းကြောင်း တူရှုကို ဖော်ဆောင်ပေးသကဲ့သို့ ရှိနေခြင်းကြောင့် ယာဉ်လမ်းကြောင်း မတော်တဆဖြစ်မှုကို ကာကွယ်ပေးနိုင်စွမ်းရှိခြင်းဖြစ်သည်။

ယခုအခါ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ၁၁၅ မိုင်မှ ရန်ကုန်ဘက်အထွက်တွင် ကုက္ကိုပင်များ စီတန်းစိုက်ပျိုးထားသည်ကိုတွေ့ရပေသည်။ (အပေါ်ပုံ) လမ်းဘေးဝဲယာတစ်လျှောက်ပြည့်အောင် စိုက်ပျိုးဖို့လည်း လိုအပ်ပေမည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကွန်ရက်သဖွယ်ဖြန့်ကြက်ထားသည့် မော်တော်ကားလမ်း လမ်းဟောင်း လမ်းသစ်များစွာရှိပါသည်။ လမ်းဟောင်းများ တစ်လျှောက်တွင် ကုက္ကိုပင်ကြီးများတွေ့ရသော်လည်းလမ်းသစ်များတွင် တွေ့ရခဲပါသည်။ ရှိတော့ရှိသည် ရှားပါသည်။

အဝေးပြေးလမ်းမကြီးများ တစ်လျှောက်ကုက္ကိုပင်ကြီးများ စိုက်ပျိုးခြင်းဖြင့် မော်တော်ယာဉ်များ မပင်မပန်းကောင်းမွန်စွာ မောင်းနှင်သွားလာနိုင်ခြင်း၊ လမ်းပျက်စီးမှုကို ကာကွယ်ပေးခြင်းနှင့် ယာဉ်မတော်တဆဖြစ်မှုကို ကာကွယ်ပေးခြင်း စသောအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။

ရှေးရှေးတုန်းက အဝေးပြေးလမ်းများတစ်လျှောက် စိုက်ပျိုးခဲ့သောကုက္ကိုပင်များကို လေ့လာကြည့်ပါ။ တစ်ပင်နှင့် တစ်ပင်အကွာအဝေး၊ လမ်းနှင့်ကုက္ကိုပင် အကွာအဝေး စနစ်တကျ ရည်ရွယ်ချက်ရှိရှိ စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။

သို့ပါသောကြောင့် လာမည်မိုးရာသီ သစ်ပင်စိုက်ပျိုးရာသီတွင် လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်များစိုက်ပျိုးရာ၌ ကုက္ကိုပင်များကို ဦးစားပေး၍ စနစ်တကျ စိုက်ပျိုးသွားသင့်ပါကြောင်း အကြံပြု တင်ပြလိုက်ရပါသည်။

မြင့်မောင်စိုး

ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း သင်တန်းများကျင်းပ

ရပ်စောက် ဧပြီ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ လွယ်ကိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း တောင်ကြီးမြို့နှင့် ရပ်စောက်မြို့ ယဉ်ကျေးမှုအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ပညာရေးဆိုင်ရာ ဘက်စုံသင်တန်းနှင့် စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း တောင်ကြီးမြို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရပ်စောက်မြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှနာယကနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်ကြားနည်းပြများနှင့် ကျေးရွာ ၁၄ ရွာမှ သင်တန်းသား ၁၀၀ တို့ တက်ရောက်ကြပြီး ရှမ်းပြည်နယ် ကျေးလက်ဒေသများတွင် ပညာရေးအဆင့်အတန်း တိုးတက်လာစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပညာရေးစနစ်ကို မျိုးဆက်သစ်များ ကျွမ်းကျင်စွာ တတ်မြောက်ပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းများ တိုးတက်လာစေရန် သက်ဆိုင်ရာဘာသာရပ်အလိုက် ပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။ **ဇော်ဝင်းလှိုင်(ရပ်စောက်)**

ကျန်းမာရေးဆိုင်ရာ လေ့ကျင့်ခန်းပစ္စည်းများပြုလုပ်တပ်ဆင်

မြိတ် ဧပြီ ၂၉

မြိတ်လေဆိပ်သို့သွားရာ လမ်းမကြီးသည် အရှည်ပေ ၃၀၀၀ ကျော်ခန့်ရှိပြီး နံနက်နှင့် ညနေပိုင်းတွင် ယာဉ်သွားလာမှုနည်းပါးသဖြင့် မြို့တွင်းရှိပြည်သူအများစုမှာ နံနက်နှင့် ညနေခင်းလမ်းလျှောက်ခြင်း၊ အပြေးလေ့ကျင့်ခြင်းများပြုလုပ်လျက်ရှိသည်။ ထို့အပြင် မိုးမရွာသည့်အခါများတွင် နေရာလွတ်များ၌ ဘောလုံး၊ ခြင်းလုံးများ ကစားခြင်းကိုပင် ပြုလုပ်ကြသည်။ ထိုကဲ့သို့ ပြည်သူများက ကျန်းမာရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိသဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အထောက်အကူပြုပစ္စည်းများကို တပ်ဆင်ပေးခဲ့ရာ ယာဉ်အန္တရာယ်ကင်း လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်ရန်အတွက် ပလက်ဖောင်းကို ၁၀ ပေ အကျယ်အရှည်ပေ ၈၀၀ ထပ်မံခင်းပေးခြင်း၊ ပန်းဥယျာဉ်ငယ်ပြုလုပ်၍ ခြေလွဲနှစ်ခု၊ ခါးလှည့် နှစ်ခု၊ ခြေသလုံးအကြောလျှော့ တစ်ခု၊ လက်မောင်းအကြောလျှော့ တစ်ခု၊ ခါးတင်လှည့် တစ်ခုတို့ကို ပြုလုပ်တပ်ဆင်ပေးထားသည့်အပြင် အမြဲတမ်းစိမ်းလန်းစိုပြည်စေရန်အတွက် လမ်းဘေးဝဲ/ယာနှင့် ဥယျာဉ်ငယ်ရှိ သစ်ပင်ပန်းမန်များကို နေ့စဉ်ရေဖျန်းပေးခြင်းကြောင့် ဒေသခံများနှင့် ကျန်းမာရေးလိုက်စားသူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ကိုသန့်(မြိတ်)**

ခင်ဦးမြို့နယ်၌ လူသေမှုဖြစ်ပွား

ခင်ဦး ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ထနောင်းကိုင်းကြီးကျေးရွာ၌ လူသေမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် ခင်ဦးမြို့နယ် ကုန်းကြီးရဲစခန်းမှူး ဒုရဲအုပ်စန်းကိုကို တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ခင်ဦးမြို့နယ် ထနောင်းကိုင်းကြီးကျေးရွာမြောက်ဘက် လှည်းလမ်းဘေး ဝါးရုံပင်အနီးတွင် လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းရသဖြင့် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာနေ ကျော်လင်း (၄၃ နှစ်)၊ ကျပန်းဖြစ်ကြောင်း၊ သေဆုံးသူ၏ ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာတွေ့ရှိခြင်းမရှိဘဲ သေဆုံးနေကြောင်း၊ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်စစ်ဆေးနိုင်ရန် ရွာစဉ်တိုက်နယ်ဆေးရုံသို့ ပေးပို့ထားကြောင်း၊ ဒုရဲအုပ်စန်းကိုကိုမှ တရားလိုပြုလုပ်တိုင်တန်းထားကြောင်း၊ အမှုစစ်အဖြစ် ခင်ဦးရဲစခန်းမှူး ရဲအုပ် ရဲခေါင်မြင့်က သေမှုသေခင်းအမှတ် ၄/၂၀၁၃ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ရောင်နီတင်ဝင်း)**

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၀၉/မမ/(CE)	ရန်ကုန်-ပုသိမ်လမ်းပိုင်းရှိ ညောင်တန်းဘူတာတွင် Platform Waiting Shed တည်ဆောက်ရန်၊
(ခ)	၁၀/မမ/(CE)	ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက်ရှိ လူကူးခုံးကျော်တံတား (၁၃)စင်း ပြုပြင်ရန်

တင်ဒါပိတ်မည့်နေ့/အချိန် - ၁၄. ၅. ၂၀၁၃(အင်္ဂါနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၉.၄.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - 294352,291994

YangonTownship Map
Update များအမြဲပြုလုပ်နေသော GIS Map

Tel : 204020

dps MAPS
Digital Maps of YANGON MYANMAR
Myanmar GIS up to Village Track Level

Available:
GPS : Garmin

165, 35 St.(Middle), KTDA Tsp., Yangon. Tel: 24 52 30, 0950-30177 , www.dpsmap.com, Email: admin@dpsmap.com

ဆရာဝန်များ ဦးစီးသည်
Since 1996
ပုလဲ
စံပြဘော်ဒါ
(၂၀၁၃ - ၁၄ အတွက်လက်ခံပြီ)
ကန့်သတ်လူဦးရေဖြင့်ထိထိရောက်ရောက်သင်ကြားပေးသည်။
၇၇ (၄ဝါလမ်း)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊
ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၁-၆၃၈၀၅၀ ၀၉-၄၂၀၀၈၆၆၅၁

FAME
JavaHerb®
Anti-diabetic
သကြားမကိုင်ဆေး
1112 YR 008205
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
GynuHerb®
Natural medicine for diabetes
ပျားမြီးရှက်ဆေး
TMR 009054 (0814)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အမှတ် (၈/၉)၊ မြေညီထပ်၊ ခြေရင်းခန်း ကျွန်းတောလမ်း၊ ၁၀/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ၁၂'၅" ×၄၀' ရှိ တိုက်ခန်းနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းသည် ဒေါ်အိအိခိုင် (၁၁/တကန (နိုင်) ၀၀၆၁၈၉) မှ ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစိန်လှ B.A, B.L, DIR, DMA (စဉ် - ၉၂၃) (နိုင်ငံတော်ဖွဲ့လစ် နှင့် တရားလွှတ်တော်ရှေ့နေ)

ဒေါ်ချိုချိုဝင်း LL.B., DBL (စဉ်-၆၉၁၂) (တရားလွှတ်တော်ရှေ့နေ)

အမှတ် (၅၀) အခန်း (A-၂၀) ပထပ်၊ ဘဏ်လမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၄၅၁၃၂ ၀၉၅၀၃၃၁၉၂

ပြည်တွင်းသတင်း

ခရီးသည်များ စိတ်ချမ်းမြေ့စွာ စီးနင်းနိုင်ရေးအတွက် အထူးအလေးထားဆောင်ရွက်နေသော မော်လမြိုင်ဘူတာ

မော်လမြိုင် ဧပြီ ၂၉

မော်လမြိုင်မြို့ရှိ မော်လမြိုင် ရထားဘူတာရုံကြီးတွင် ရထားနှင့် လိုက်ပါစီးနင်းကြသည့် ခရီးသည်များ ခရီးသွားရန်အတွက် ရက်ကြိုလက်မှတ်လာရောက်ဝယ်ယူကြသော ခရီးသည်များ၊ ကုန်ပစ္စည်းများတင်ပို့ရာတွင် ကြန့်ကြာမှုမရှိစေရေးနှင့် ရထားတွဲများ ကောင်းမွန်ခြင်းရှိ မရှိ၊ ရေ၊ မီးများစုံလင်မှုရှိ မရှိတို့ကို ရုံပိုင်ကြီး(အထူးတန်း)ဦးတင်စိုးဝင်းက အထူးအလေးထားဆောင်ရွက်နေသည်ကို ဧပြီ ၂၅ ရက် နံနက် ၁၁ နာရီခန့်က စာရေးသူကိုယ်တိုင်သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ရထားစီးခရီးသည်တွေကို စိတ်ချမ်းမြေ့စွာ သွားလာနိုင်အောင် ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ရထားစီးဖို့ရောက်ရှိလာတဲ့ ခရီးသည်တွေကို ကြိုဆိုင်ခံတွေမှာ နေရာစီစဉ်ပေးတာ၊ ရထားဝင်ချိန် ထွက်ချိန်တွေကို အသံချဲ့စက်နဲ့ ကြေညာပေးတာ၊ ရထားဝင်ရင် သတ်မှတ်ထားတဲ့ မျဉ်းဝါအတွင်းကို မဝင်ကြဖို့နဲ့ ရထားပေါ်မှာ လိုက်ပါဈေးရောင်းကြတဲ့ လိုင်စင်မဲ့ဈေးသည်တွေ ရထားစီးခရီးသည်တွေ အနှောင့်အယှက်မဖြစ်အောင် တည်ဆဲမီးရထားဥပဒေအရ အရေးယူဆောင်ရွက်တာတွေကို ပြုလုပ်ခဲ့ပါတယ်။

မေး ။ ။ လက်မှတ်ရုံတွေမှာ လက်မှတ်ဝယ်ယူတဲ့အခါ လွယ်လင့်တကူဖြစ်အောင်နဲ့ ကုန်ပစ္စည်းတွေ ထင်ပို့ရာမှာ ကြန့်ကြာမှုမရှိအောင် ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ လက်မှတ်ရုံတွေမှာ လက်မှတ်ဝယ်ယူတဲ့အခါ လွယ်ကူအောင် နံနက် ၇ နာရီကနေ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီကနေ ညနေ ၄ နာရီအထိတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ရောင်းချပေးခဲ့ပါတယ်။ အမှတ် ၃၆ အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန် အထက်တန်းလက်မှတ်ကို သုံးရက် ကြိုတင်ရောင်းချပေးပြီး ရိုးရိုးတန်းကိုတော့ တစ်ရက်ကြိုတင်ရောင်းချပေးခဲ့ပါတယ်။ အမှတ် ၉၀ အစုန် မော်လမြိုင်-ရန်ကုန်ရထား၊

အမှတ် ၁၇၆ အစုန် မော်လမြိုင်-ရန်ကုန်ရထား၊ အမှတ် ၁၈ အစုန် မော်လမြိုင်-နေပြည်တော်ရထားတွေရဲ့ အထက်တန်းနဲ့ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင် ရောင်းချပေးခဲ့ပါတယ်။ နေ့ချင်းသွားခရီးသည်တွေအတွက် ထိုင်ခုံလက်ကျန်ရှိရင် နံနက် ၈ နာရီကနေ ရထားထွက်ဖို့ ၁၀ မိနစ်အလိုအထိရောင်းချပေးပြီး ထိုင်ခုံလက်ကျန် လက်မှတ်မရှိတော့ရင် ခုံမဲ့အဖြစ်ရောင်းချပေးခဲ့ပါတယ်။ ကုန်ပစ္စည်းတင်ပို့ရာမှာ ကြန့်ကြာမှုမရှိစေရေးနဲ့ တင်ပို့မယ့်မြို့များအလိုက် သတ်မှတ်ထားတဲ့ နှုန်းထားနဲ့အညီ ကောက်ခံပြီး ဝန်ထမ်းတွေအပိုကြေးငွေတောင်းခံခြင်းမရှိအောင် အချိန်နဲ့စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ဝန်ထမ်းတွေ အပိုကြေးငွေတောင်းခံပါက ဘယ်နေရာကို တိုင်ကြားရမလဲ။ နောက်ပြီး အဲဒီဝန်ထမ်းကို ဘယ်လိုအရေးယူဆောင်ရွက်ပါသလဲ။

ဖြေ ။ ။ လက်မှတ်ရောင်းတဲ့နေရာနဲ့ ကုန်ပစ္စည်းတင်ဆောင်တဲ့နေရာတွေမှာ အပိုကြေးငွေတောင်းခံပြီး ဆက်ဆံရေးမပြေပြစ်ရင် တိုင်ကြားဖို့ ဖုန်းနံပါတ်တွေကို ကြော်ငြာသင်ပုန်းမှာ ဖော်ပြထားပြီး ရုံပိုင်ကြီး (အထူးတန်း) မော်လမြိုင်ကို တိုင်ကြားနိုင်ပါတယ်။ အဲဒီဝန်ထမ်းတွေကိုတော့ သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြသွားပြီး မီးရထားဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး ။ ။ သံဃာတော်တွေ၊ ကျန်းမာရေးမကောင်းသူတွေ၊ အသက် ၇၀ကျော် အဘိုးအိုအဘွားအိုတွေ ရထားနဲ့ ခရီးသွားချင်ရင် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။

ဖြေ ။ ။ သံဃာတော်တွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေ၊ အသက် ၇၀ ကျော်အဘိုးအိုအဘွားအိုတွေ ရထားနဲ့ ခရီးသွားချင်ရင် တန်းစီစရာမလိုဘဲ သတိုကိမိသားစဝင်တွေအနေနဲ့ ရုံပိုင်ကြီး(အထူးတန်း)တံမှာ စာရင်းပေးသွင်းဝယ်ယူနိုင်ပါတယ်။

မေး ။ ။ ဘယ်မိသားစုမဆို ခရီးသွားသူတွေကို လိုက်ပို့တဲ့အခါစင်္ကြံအတွင်းကို လိုက်ပို့လို့ရပါသလား။

ဖြေ ။ ။ ရထားစီးခရီးသည်ကို စင်္ကြံအတွင်းအထိ လိုက်ပို့မယ်ဆိုရင် ခရီးသွားလက်မှတ်၊ ဒါမှမဟုတ် စင်္ကြံလက်မှတ်ပါရှိမှသာ ဝင်ခွင့်ပြုပါတယ်။ စင်္ကြံလက်မှတ်ကို အလွယ်တကူဝယ်ယူရရှိနိုင်အောင် စင်္ကြံဂိတ်အဝင်ဝမှာ လက်မှတ်တစ်စောင်ကို ငွေကျပ် ၅၀ နှုန်းနဲ့ တာဝန်ကျဝန်ထမ်းတွေက ရောင်းချပေးလျက်ရှိပါတယ်။

မေး ။ ။ ရထားစီးခရီးသည်တွေအတွက် စိတ်ချမ်းချမ်းသာသာနဲ့ ရထားစီးနင်းနိုင်အောင် ဘာများပြောချင်ပါသေးသလဲ။

ဖြေ ။ ။ ရထားစီးခရီးသည်ပဲဖြစ်ဖြစ်၊ လက်မှတ်လာရောက်ဝယ်ယူသူပဲဖြစ်ဖြစ်၊ ကုန်ပစ္စည်းတင်ပို့သူပဲဖြစ်ဖြစ် အခက်အခဲမရှိအောင် အစွမ်းကုန်ကူညီပံ့ပိုးပေးသွားမှာပါ။ မြန်မာ့မီးရထားအနေနဲ့ တစ်နေ့ထက် တစ်နေ့ ခရီးသွားပြည်သူတွေ စိတ်ချမ်းချမ်းသာသာနဲ့ ရထားစီးနင်းနိုင်ဖို့ အကြံဉာဏ်ပေးနိုင်ပါတယ်”ဟု ပြောကြားသွားခဲ့သည်။ **ဦးတင်ထွန်း(မော်လမြိုင်)**

စိတ်ရှုပ်သည့်ဒဏ်မခံနိုင်သူ ပိုးသတ်ဆေးသောက်သေဆုံး

မြန်အောင် ဧပြီ ၂၉

မြန်အောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဧပြီ ၁၉ ရက် နံနက်က အဆိပ်သောက်သေဆုံးသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ မြန်အောင်မြို့ရဲစခန်းမှ ဒုရဲအုပ် စိုးဝဏ္ဏနှင့် အဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အဆိပ်သောက်သူမှာ မြန်အောင်မြို့နယ် တလုပ်ကုန်းကျေးရွာနေ ဝင်းနိုင်(ခ) ဝင်းဗိုလ် (၃၈ နှစ်) ဖြစ်ကြောင်း၊ ၎င်းသည် ယခင်က စိတ်ရောဂါရှိသူဖြစ်၍ ရန်ကုန်ဆေးရုံ၌ နှစ်ကြိမ် ကုသခံရဖူးကြောင်း၊ စိတ်ရှုပ်သည့်ဒဏ်ကို ခံနိုင်ရည်မရှိကြောင်း၊ သေဆုံးသူဝင်းနိုင်သည် ၎င်း၏နေအိမ်ကို မိုးမကျမီ ပြန်လည်ဆောက်လုပ်ရန် ငွေကြေး အခက်အခဲဖြစ်နေခြင်းကြောင့် စိတ်ရှုပ်ထွေးပြီး ပိုးသတ်ဆေးနှစ်ပြား သောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ဇနီးဖြစ်သူက ပြောပြသည်။

ဒုရဲအုပ်စိုးဝဏ္ဏက ရလုပ်ငန်းစဉ်များ ပြီးပြည့်စုံစွာ စစ်ဆေးဆောင်ရွက်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် မြန်အောင်ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

ဖယောင်းတိုင်လဲကျရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

ငပုတော ဧပြီ ၂၉

ပုသိမ်ခရိုင် ငပုတောမြို့ မြောက်ပိုင်းရပ်ကွက်၌ ဧပြီ ၂၅ ရက် ည ၈ နာရီခန့်က ခါတ်ဆီထည့်ရာမှ ဖယောင်းတိုင်မီးလဲကျ ကူးစက်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် ယင်းမာလမ်းနေ သူရအောင်(၂၀ နှစ်)သည် နေအိမ်တိုက်ခန်းဈေးဆိုင်တွင် ဆိုင်ကယ်တဲသို့ ခါတ်ဆီထည့်ရန် ပလတ်စတစ်ပုံးထဲမှ ခါတ်ဆီကို ပုလင်းထဲသို့ ပြောင်းလဲယူစဉ် အနီးရှိ ခုံပေါ်၌ တင်ထွန်းထားသော ဖယောင်းတိုင်လဲကျပြီး ခါတ်ဆီပုံးကို မီးကူးစက်ရာမှ နေအိမ်ဈေးဆိုင်အတွင်းရှိ ဗီရို၊ ထပ်ခိုး မီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ရပ်ကွက်ပြည်သူများနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ယင်းနေ့ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းကဲ့သို့ မီးပေါ်ဆစွာ သုံးစွဲသူ သူရအောင်ကို အရေးယူပေးပါရန် ဒုရဲအုပ်အောင်ကျော်ဝေ၏ တိုင်တန်းချက်အရ ငပုတော ရဲစခန်းမှဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ပုသိမ်လှကြည်**

အမြန်ရောင်းမည်

ပုဂံဟိုတယ်ဇုန် မြေကွက်တစ်ဧက၊ ထောင့်ကွက်၊ ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၃၇၅၀၅၀၊ ၀၉-၅၁၁၆၂၅၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၂)၊ လှူနေရပ်ကွက် သမိုင်း၊ မြေကွက်အမှတ် ၂/အ^၁၈၊ ဧရိယာ ၀.၁၁၅၆၀ဧကခန့်ရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် အ/၁၈၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သောမြေကွက်နှင့် အကျိုးခံစားခွင့်များအား လက်ရှိတရားဝင်ပိုင်ဆိုင်သူ ဒေါ်မြစိန် ၁၂/မရက(နိုင်)၀၁၃၆၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့် LL.B

တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)

အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊

ဖုန်း-၀၉-၅၁၂၀၈၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၃၂လမ်း၊ အမှတ်(၁၂၅) မြေညီထပ်(အလယ်ခန်း)၊ အခန်းအမှတ်(၂)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးဘကြူ၏အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သားသမီးများ ဖြစ်ကြသော ဦးသန်းမောင် ၁၂/ဝဘတ(နိုင်)၀၂၀၅၂၇ပါ-ခြောက်ဦးတို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ၂၄-၄-၂၀၁၃ရက်က ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းအောင် LL.B

အထက်တန်းရှေ့နေ (စဉ်-၂၀၁၈၅)

အမှတ် (၇၉)၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်၊

ဖုန်း-၀၉-၇၃၀၃၅၇၄၉

ဦးစိုးလှိုင် ၁၂/သကတ(နိုင်)၀၈၁၇၀၉နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အိမ်အမှတ် ၇၅(က/ခ)၊ မြေဧရိယာ (၄၀×၆၀)သည် နှစ် ၆၀ဂရန်မြေ၏ အမည်ပေါက်မှာ ဦးစိုးလှိုင်ဖြစ်ပါသည်။ အဆိုပါမြေကို ဦးစိုးလှိုင်မှ ၂၇-၁၂-၂၀၀၅ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဒေါ်ခင်နှင်းဖြူ ၁၂/သကတ(နိုင်)၀၈၁၇၀၉နှင့် ၎င်း၏ခင်ပွန်း ဦးမောင်မောင်တို့အား မြေဂရန်မူရင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အဆိုပါမြေနှင့်ပတ်သက်၍ လိုအပ်သောစီမံခန့်ခွဲမှုကိစ္စအဝဝ ဆောင်ရွက်နိုင်ရန် ၁၆-၁-၂၀၁၃ရက်တွင် ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ပေးထားပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ၂၄-၂-၂၀၁၃ရက်တွင် ဒေါ်ခင်နှင်းဖြူနှင့် ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာ ဦးကျော်ထွန်းမြင့် TGKN-၀၆၈၁၆၉ နှင့် ဦးကျော်ဝင်း MDW-၂၃၈၀၂၅တို့ အခန်းပေး အခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီး တိုက်ဆောက်လုပ်ရေးကိစ္စများ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေပေါ်တွင် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်နှင်းဖြူနှင့် အထက်ဖော်ပြပါ ကန်ထရိုက်တာတို့ တိုက်ဆောက်လုပ်မည့်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်မိုး (ကော့မှူး)

ဥပဒေတွဲ

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၇)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက် ၆၊ အခန်း ၄၀၁ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်မမစိုး ၁၂/သဃက(နိုင်)၀၀၁၉၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာမောင် ၁၂/ဒဂရ(နိုင်)၀၀၉၈၆၈က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်မိုး

အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈)

(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ ခြံအမှတ် (၂)၊ ဦးပိုင်အမှတ် (၃၇)၊ ကွင်းအမှတ် (၅၂၉-ဘီ)၊ ဧရိယာ (၁. ၂၇) ဧကရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်မြတ်နီးဦး (၁/မကန(နိုင်)၀၀၈၂၇၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်လတ် (LL.B)

အထက်တန်းရှေ့နေ (စဉ် - ၂၃၃၆၁)

အမှတ်-၅၈/၆၀(ပထမထပ်)၊မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉-၄၉၃၀၆၅၅၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-စီ)၊ မြေကွက်အမှတ် (၁၀)၊ ဧရိယာ (၀ . ၀၂၆) ဧကရှိ နှစ် (၉၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားအမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ဝင်း (၁၄/ဓနဖ (နိုင်) ၁၀၂၁၂၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်လတ် (LL.B)

အထက်တန်းရှေ့နေ (စဉ် - ၂၃၃၆၁)

အမှတ်-၅၈/၆၀(ပထမထပ်)၊မဟာဗန္ဓုလဝန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉-၄၉၃၀၆၅၅၀

ကားရောင်းမည်

Probox, BB လိုင်စင် ဒိုဇယ်၊ Manual

ဖုန်း-၀၉-၅၁၀၅၃၆၈

ခွေးရောင်းရန်ရှိသည်

မျိုးကောင်း မျိုးသန့် Doberman (လေးလသားကျော်) ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၅၁၅၃၄၉၅

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၅)ဘဏ်မြောက်

လယ်ဝေးဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့ တွင်

၃၀.၄.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

လယ်ဝေးဘဏ်ခွဲ

အမှတ်(၆/၄၆၄)၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အမှတ်(၆)ရပ်ကွက်
လယ်ဝေးမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၆၇) ၃၀၉၇၈/ ၇၉/ ၈၀/ ၈၁/ ၈၂/ ၈၃

ဖက်စ် – (၀၆၇) ၃၀၉၈၄/ ၈၅/ ၈၆/ ၈၇

www.kbzbank.com

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၂/၃၊ မြေကွက်ထည်နေရာ ၃၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်အင်ကြူ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အင်ကြူ(မိခင်) နှင့် ဦးသိန်းထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးသိန်းလှ ၁၂/ဒပန(နိုင်)၀၃၁၉၄၇၊ ဦးမျိုးသန်း ၁၂/ဒပန(နိုင်)၀၂၉၅၃၂၊ ဒေါ်ခင်ကြူသိန်း ၁၂/သကထ(နိုင်)၀၄၂၈၄၈၊ ဦးမျိုးမြင့်ထွန်း ၁၂/ဒပန(နိုင်)၀၄၅၄၆၇၊ ဒေါ်အိအိထွန်း ၁၂/ဒပန(နိုင်)၀၄၂၆၆၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင် ၅၀၀၏ သေဆုံးခြင်းလက်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်ရောင်းမည်

သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ အတွင်းရှိ(၈၅ပေ × ၈၅ပေ)ကျယ်ဝန်းသော နှစ်(၆၀)ဂရမ် မြေပေါ်တွင်(၃၅ပေ× ၇၀ပေ)အကျယ်ရှိ နှစ်ထပ် RC တိုက်ကို အမြန်ရောင်းမည်။Master Bed Room(၄ခန်း)၊ ရိုးရိုးအိပ်ခန်း(၂ခန်း)၊ ဧည့်ခန်း(၂ခန်း)၊ ဘုရားခန်း၊အိမ်ဖော်အိပ်ခန်း၊ 35 KVA မီးစက်၊ မီးဖိုခန်း၊ စတိုခန်း၊ ကား(၃စီး)ဆံ့ Car Garage ၊ အပိုစီရေ၊ ဂျိုးဖြူရေ၊ (ပေ ၃၀)သံဇကာရေစင်၊(15' x 30' x 6') အဆင့်မြင့်ရေကူးကန်၊ အခန်းတိုင်းတွင်ပါကေး၊ ကြွေပြား၊ အဲယားကွန်း၊ ခန်းဆီးလိုက်ကာ၊ ရေပူရေအေးပါဝင်သည်။ ခြံဝန်းအပြည့် ကွန်ကရစ်ခင်းထားသည်။အရိပ်ရပင်နှင့်ပန်းအလှပင်များပါဝင်သည်။တစ်အိမ်လုံး Wallpaper ကပ်၍ အဆင့်မြင့်ပြင်ဆင်ထားသည်။ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ကြိုးဖုန်းပါဝင်သည်။ ၂၄ နာရီ လုံခြုံရေးရှိသည်။ အကျိုးဆောင်များ ၂%အပြည့်ပေးပါမည်။

Ph:547282. 545022. 09-5113863.09-73121660

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(LL.B.)နှင့် အက်သွယ်ဖါ (ပိတ်ရက်မရှိ)
☎ 01-394727, 01-399426
09-73009994 တိုက် (၄၆)၊ ထပ် (၉၀)
ဈေးညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဟိုးဟိုးကျော် ပေါ်ဆန်းသစ်

လတ်ဆတ်သည်
စားကောင်းသည်
ရနံ့မွှေးကြိုင်သည်
အိမ်အရောက်ပို့သည်
ဈေးနှုန်းအထူးသက်သာသည်

Ph : 01 - 687659, 687155 ,686655, 681243 , 681263

ကားရောင်းမည်

Isuzu Forward Truck၊ 8 Ton. ရှစ်ပေါက်၊ ခြောက်ဘီး၊ ပေ၃၀၊ ကျပ်သိန်း ၂၆၀။

ဖုန်း-၀၉-၅၁၂၄၇၆၅

စီမံ/ဖွံ့ဖြိုးဂျာနယ် ထုတ်ဝေပြီ

သုံးလတစ်ကြိမ်ထုတ်ဝေသည့် စီမံ/ဖွံ့ဖြိုးဂျာနယ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့အတွက် ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါဂျာနယ်တွင် မြန်မာ့စီးပွားရေးမူဝါဒ၏ လားရာ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး၊ သမာသမတ်ရှိသော စီးပွားရေးအသိုက်အဝန်းသို့ မြန်မာနိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းအတွက် ဘာတွေလုပ်ဖို့လိုပြီလဲ၊ လူထုအခြေပြု ဆောင်ရွက်ဖို့ Community Houses ထူထောင်စို့၊ အချိန်တိုအတွင်း မီးခိုးမထွက်သောစက်ရုံများ ထူထောင်ပြီး အလုပ်အကိုင်အခွင့်အလမ်းတိုးအောင် ဆောင်ရွက်ကြပါစို့၊ ကျောက်မီးသွေးလောင်စာသုံးစွဲမှုနှင့် မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေး၊ ဘဏ္ဍာငွေဖြည့်ဆည်းရေး အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံ၏အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု ဘာကြောင့်အရေးပါလဲ၊ စာတတ်မြောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည့် ဆောင်းပါးများအပြင် ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စာရင်းအင်းစနစ်၊ ဖွံ့ဖြိုးရေးစီမံကိန်းများစသည့် အကြောင်းအရာဆိုင်ရာ ဖတ်စရာ၊ မှတ်စရာများပါရှိသည်။

စီမံ/ဖွံ့ဖြိုးဂျာနယ်ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉၊ မြေညီထပ်၊ ကုန်သည်လမ်း (စာပေဗိမာန်စာအုပ်ဆိုင်အနီး)နှင့် ခေတ်သစ်စာပေ အမှတ် ၄၇၀၊ ၃၀ လမ်းနှင့် ဗိုလ်ချုပ်ပတ်လမ်းကြား၊ မဟာဗန္ဓုလလမ်းပေါ်၊ ရန်ကုန်မြို့၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနစိတ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော် ဖုန်း-၀၆၇-၄၀၇၂၆၂၊ ကောင်းမြတ်သူ (စက္ကူနှင့်စာရေးကိရိယာဖြန့်ချိရေး) မြို့မဈေး၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၀၅၇၉ တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ထွန်းရီ (ရွှေပေါင်းသုတေသီ) စုစည်းတည်းဖြတ်ပြုစုသည့်ဓာ (၂)အုပ်

ချေဝှမ်းပေါင်းပေါင်းချုပ်နှင့် ချေဝှမ်းကဗျာဝဠ္ဌဝင်ဋီကာ

ထွက်တော်မူအခြင်းအကျင်းနှင့် ဝင်းခင်းမှုအစဉ်အလာကျမ်း

ဆေးဝါးအမျိုးပေါင်း ၄၀၀ နီးပါး၊ ဆေးအမည်ပေါင်း ၃၃၀၀ကျော်၏ အသုံးပြုပုံ အကျိုးအပြစ်၊ ဆောင်ရန် ရှောင်ရန် သတိပြုရန် စသည်စသည်ကို ပြည့်နှံသော

ခေတ်ပေါ်ဆေးဝါးလမ်းညွှန်

ဒေါက်တာဇေယျ

[ဒုတိယအကြိမ်ပြည့်စွက်တည်းဖြတ်ထုတ်ဝေခြင်း]

ထွက်ပြီ

ရာပြည့်စာအုပ်ဆိုင် - ၁၇၄၊ ၃၅လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၁ ၂၄ ၈၅ ၄၁၊ ၀၁ ၂၄ ၃၃ ၅၁၊ ၀၉ ၅၃၂ ၅၅၂ ၅၉

S.S ခင်မောင်အေး သင်္ချာ သင်ရိုးကုန် စာအုပ်များ

၁။ ၄၊၅၊၆၊၇၊၈ သင်္ချာ(၁)(၂)၊၉၊၁၀(တက္ကသိုလ်ဝင်တန်း) တွက်ချက်များအပြင် "ရှင်းချက်များ" ပါဝင်သည်။ပုံသေနည်းသော့ချက်စာအုပ်များ၊ကတ်ပြားများအထူးလက်ဆောင်ပါသည်။
၂။၉၊၁၀(တက္ကသိုလ်ဝင်တန်း) ပညာချွန် ဓာတုဗေဒ (Definition အိတ်ဆောင်စာအုပ် လက်ဆောင်ပါဝင်သည်။)
၃။လက်မဖြင့်ဖိလိုက်ရုံနဲ့လုန်ပြီးဖြစ်သွားသော(မြန်မာနိုင်ငံမှာ အထူးခြားဆုံးသော) ပေတံပါ/မပါ S.S Log စာအုပ်များ
၄။တက္ကသိုလ်ဝင်တန်းသင်္ချာတစ်မှတ်တန်ရှင်းကွက်လှလှများစာအုပ် ကျောင်းသား/သူတိုင်းအတွက် စိတ်အားထက်သန်ဖို့ ထူးချွန်ဖို့
၅။ မှတ်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နည်း စာအုပ်
၆။ စိတ်စွမ်းအားဖြင့် စာမေးပွဲထူးချွန်အောင်မြင်ရေးစာအုပ်
၇။ ဒေါက်တာဉာဏ်ဟိန်းလတ်၏ လူနှင့်မှတ်ဉာဏ်စာအုပ်

ပညာဗိမာန် (ပညာချွန်) စာအုပ်တိုက်
(၂၂၈)၊ ၃၉-လမ်း(ထက်)၊ အနော်ရထာလမ်းထောင့်ချိုးအနီး၊ ရန်ကုန်မြို့
၀၁-၂၅၃၁၄၃၊ ၀၉-၈၆၁၇၄၄၂၊ ၀၉-၇၃၀၂၉၃၃၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၄)၊ လူနေရပ်ကွက်အမှတ် - ၃၊ မြေကွက်အမှတ် - ၈၉၊ အကျယ်အဝန်း (အလျား-၂၅ ပေ× အနံ-၄၉ပေ) ရှိ မြို့မြေစာရင်းတွင် ဦးလှရွှေ (၁၂/ကမရ (နိုင်) ၀၃၀၄၃၃) အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း အဆိုရှိသူ ဒေါ်ခင်အန်းမြင့် (၁၂/ကမရ (နိုင်) ၀၂၉၁၆၀)၊ ဒေါ်ငွေငွေလ (၁၂/ကမရ (နိုင်) ၀၂၉၂၇၆)၊ ဦးအောင်သိန်းထွန်း (၁၂/ကမရ (နိုင်) ၀၂၉၈၀၉)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်၊

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းနိုင် (LL.B)	ဒေါ်ဝတ်ရည်ထွန်း (LL.B,LL.M)
ဒေါ်သွယ်သွယ်ဇ (LL.B,LL.M)	ဦးနိုင်လင်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေများ	အထက်တန်းရှေ့နေများ

Win & Associates Legal Practitioner Group

(၈၃/အခန်း-၀၂)၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၃၇၇၈၇၃၉၊ ၀၉- ၅၁၄၃၁၇၀၊ ၀၉- ၅၀၃၅၄၇၆၊ ၀၉- ၇၃၀၄၅၁၆၅ P.C No.11182

၁၉-၄-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာပါ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၇၂၊ မြေညီထပ် (ခေါင်းရင်းခန်း)နှင့် အပေါ်ဆုံးထပ် (ဒါဘာ)အခန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရုပ်သိမ်းပါကြောင်း

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမြတ်သူ ၁၂/မဂဒ(နိုင်)၀၃၂၁၉၄၊ ဒေါ်တင်ပပလွင် ၁၂/သဃက(နိုင်)၀၉၁၁၄၅၊ ဒေါ်မိုးမမသွင် ၁၂/သဃက(နိုင်)၀၀၁၅၂၃၊ ဦးဇေယျာဝင့်သူ ၁၂/သဃက(နိုင်)၀၀၃၆၅၇၇တို့၏လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါအခန်းနှစ်ခန်းနှင့် စပ်လျဉ်း၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း မပြုလုပ်ရန် အသိပေးကြော်ငြာအား ထည့်သွင်းကြေညာခဲ့ပါသည်။

ထိုသို့ကြေညာပြီးနောက် ဖခင်ဖြစ်သူ ဦးလှသောင်း ၁၂/သဃက(နိုင်)၀၉၁၁၄၂နှင့် သားသမီးလေးဦးတို့အကြား ညှိနှိုင်းပြေလည်မှုရရှိပြီးသည်သကာလ အထက်ဖော်ပြပါမြေညီထပ်အခန်းအား သားသမီးလေးဦးမှလည်းကောင်း၊ အပေါ်ဆုံးထပ် ဒါဘာအခန်းအား ဦးလှသောင်းနှင့်ဇနီး (နောက်အိမ်ထောင်)တို့ အသီးသီး အပြန်အလှန် ခွဲဝေအကျိုးခံစားလက်ခံရရှိပြီးဖြစ်သောကြောင့် ၁၉-၄-၂၀၁၃ရက်နှင့် ၁၇-၄-၂၀၁၃ရက်သတင်းစာပါ အများသိစေရန် ကြေညာချက်များအား ပြန်ထည့်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအောင်ကျော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၇၈)
အမှတ်(၃၃)၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆/၁)၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ် ၁၀၃၄၊ မြေအကျယ် ပေ(၄၀×၆၀)၊ ၂၄၀၀စတုရန်းပေရှိ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေမင်းဝံလမ်းအလယ် အမှတ်(၃)တွင်နေထိုင်သည့် မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးစန်းလွင် ၁၂/တမန(နိုင်)၁၀၅၀၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၇ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	ဦးအောင်မျိုးခိုင်	ဦးကိုကြည် B.Sc,Dip.Aq, H.G.P, R.L,
LL.B,D.B.L,D.M.L,D.I.L	LL.B	D.B.L, D.M.L, D.I.L, WIPO
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁	ဖုန်း-၀၉-၇၃၁၀၂၃၆၄	ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ် ၈၈၀၊ ၁၁လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ဒေါ်နီနီအောင်နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပဲခူး-ရန်ကုန်ကားလမ်း၊ ရွှေအိမ်-စားတော်ဆက်နေ ဦးကျော်လွင် ၁၂/မဘန(နိုင်)၀၄၂၈၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်နီနီအောင်သည် ဦးကျော်လွင်အပေါ် ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄/၁၂ ဖြင့် ထင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုထားပြီး ရုံးတော်မှစီရင်ချက်နှင့် ဒီကရီချမှတ်ရခြင်း မရှိသေးသဖြင့် ယနေ့အချိန်ထိ လင်ခန်း၊ မယားခန်းပြတ်စဲခြင်းမရှိသေးပါ။ ဒေါ်နီနီအောင်စွဲဆိုသည်အမှုမှာလည်း လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေပေးရန် ပါဝင်ခြင်းမရှိသဖြင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ လင်မယားနှစ်ဦးပိုင်ရွှေအိမ်စားတော်ဆက်လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ ဒေါ်နီနီအောင်တစ်ဦးတည်း၏ဆန္ဒဖြင့် စီမံဆောင်ရွက်ပိုင်ခွင့်မရှိပါ။ လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်လုပ်ငန်း၊ ဆိုင်လုပ်ငန်းအတွက် အလုပ်သမားများငှားရမ်းခြင်း၊ ခိုင်းစေခြင်းစသည်များကို ဒေါ်နီနီအောင်တစ်ဦးတည်း၏ဆန္ဒဖြင့် စီမံဆောင်ရွက်လျက်ရှိနေခြင်းကိုလည်း ဦးကျော်လွင်အနေဖြင့် လက်ခံခွင့်ပြုမည်မဟုတ်ပါ။ သို့ပါ၍ အောက်ဖော်ပြပါလင်မယားနှစ်ဦးပိုင် ပစ္စည်းများနှင့်ပတ်သက်၍ ဦးကျော်လွင်၏သဘောတူညီမှုမရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ အလုပ်သမားများခန့်ထားခြင်းအပါအဝင် ဦးကျော်လွင် ထိခိုက်နစ်နာစေမည်လုပ်ကိုင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် လိုက်နာခြင်းမရှိပါက မိမိတို့၏တာဝန်သာဖြစ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကိုခံရမည်ဖြစ်ကြောင်း ဒေါ်နီနီအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လင်မယားနှစ်ဦးပိုင်ပစ္စည်းစာရင်း

၁။ ပဲခူးမြို့နယ်၊ ညောင်အေးကျေးရွာ၊ ပဲခူး-ရန်ကုန်လမ်း၊ ရွှေအိမ်စားတော်ဆက်ဆိုင်နှင့် ဆိုင်တည်ရှိရာ ခြံဝင်း၊ ထိုခြံဝင်းအတွင်းရှိ အဆောက်အအုံများ၊ ဆိုင်သုံးအိမ်သုံးပစ္စည်းများအားလုံး။
၂။ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဂေါသဇင်လမ်း၊ အိမ်အမှတ် ၃၂ ဟုခေါ်တွင်သည့် နေအိမ်နှင့် နေအိမ်တည်ရှိရာ ခြံမြေအပါအဝင် အိမ်အသုံးအဆောင်ပစ္စည်းများအားလုံး။
၃။ ပဲခူးမြို့နယ်၊ ဘုရားလယ်အင်းကျေးရွာရှိ ဧရိယာ ၂ ဒသမ ၂၄ ဧက အကျယ်အဝန်းရှိ ခြံမြေကွက် တစ်ကွက်။
၄။ ယာဉ်အမှတ် ၅ခ/၅၅၇၇၊ ၆ဂ/၄၀၀၇၊ ၈ဓ/၆၈၁၁၊ ၁၂ ဘီး သစ်တင်ယာဉ် သုံးစီး။
၅။ ယာဉ်အမှတ် ၈ဃ/၉၅၇၁၊ ၈စ/၃၇၉၅ (လိုက်ထရပ်ယာဉ်) နှစ်စီး။
၆။ ယာဉ်အမှတ် ၈ဈ/၉၄၁၇ Super Custom တစ်စီး။
၇။ လက်ဝတ်ရတနာပစ္စည်းမျိုးစုံ။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မင်းစိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၃၇)
အမှတ် ၁၆၄၇၊ ဆိုရှယ်လစ် ၁၇လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ မြေကွက်အမှတ် ၄၈၆၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မန္တလေးလမ်း(ဗန္ဓုလလမ်း)၊ အမှတ် ၄၈၆ ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးကျော်ကျော်လွင် ၁၂/သကတ(နိုင်) ၀၀၃၃၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၀၅၄၄၅၊ ၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ဒေါက်တာထွန်းဦးစော(သို့)ဗိုလ်ကြီးထွန်းဦးစော

ဒေါက်တာထွန်းဦးစော M.B.,B.S, M.Med.Sc, M.Sc, MACTM (Tropical Medicine) နှင့် ဗိုလ်ကြီး ထွန်းဦးစော (ကြည်း-၃၄၈၁၉) သည် တစ်ဦးတည်းဖြစ်ပြီး ကျွန်မဒေါ်နှင်းယုဇံနှင့် တပ်မတော်မှခွင့်ပြုချက်ဖြင့် ၁၁-၁-၂၀၀၃ တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး မချမ်းမြေ့သီဂီနှင့် မပန်းနုသီဂီ သမီးနှစ်ဦးရှိပါသည်။ ယခုအချိန်ထိ မည့်သည့်တရားရုံး၊ မည်သည့်နေရာတွင်မှ ကွာရှင်းပြတ်စဲခဲ့ဖူးခြင်းမျိုး မရှိခဲ့ပါ။ ၄င်းမှ အခြားအမျိုးသမီးတစ်ဦးတစ်ယောက်ဖြင့် လက်ထပ်ရန် စီစဉ်နေပါက စီစဉ်သူများ၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗိုလ်ကြီးဒေါက်တာထွန်းဦးစော၏ တရားဝင်ဇနီး
ဒေါ်နှင်းယုဇံ ၁၂/ဝဘတ(နိုင်)၀၀၁၃၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က, ခ + ၃၃/က, ခ၊ အမှတ်(စီ-၃)၊ မေဃဝတီကျောင်းလမ်းဟု ခေါ်တွင်သော (အလျား ၉၂ ဒသမ ၆×အနံ ၈၀ ဒသမ၈) ၀၀၊ ၀ ဒသမ ၁၇၀ ဧက အကျယ်ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ရှိန် ၁၂/ဗဟန(နိုင်)၀၃၇၇၃၃ ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်မြင့်အောင် ၀၄/မအန(နိုင်)၁၀၆၉၅၄
၂၃၇၊ ထတီထထပ်(ဝ)၊ ၃၉ ထမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၀၃၈၅၅၃၊ ၀၉-၄၂၃၇၃၇၈၈၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၅၆၂၊ မြေကွက်တည်နေရာအမှတ် ၅၆၂၊ မြရတနာ ၂ လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆ က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာအပ်ပါသည်

ကျွန်ုပ်၏သား မောင်နေ့ကမ္ဘာအောင်သည် မလိုမုန်းထားသူ၊ တစ်ပါးသူတို့၏ သွေးထိုးစကားကိုသာ အဟုတ်ထင် လုပ်ဆောင်နေခြင်းဖြစ်သည်။ မိဘရင်းအတွက် လွန်စွာထိခိုက်နစ်နာသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ (မေးမြန်းခြင်းသည်းခံပါ။)

ဦးခင်ထွန်း
ရွှေလက်လှရပ်၊ ပြည်မြို့

ကြော်ငြာ

အထူး ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးလွန်းဟန်

အံမြို့နယ်အသင်း(ရန်ကုန်)နာယကကြီး

ဦး ဆောင်ပါဝင်ခဲ့သော နာယကကြီး ဦးလွန်းဟန်သည် ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်တင်ရီ (ပြင်ဦးလွင်မြို့)

အသက်(၈၀)

အမှတ် ၃၂၆၊ သုခမိမ်း (၂၀) ရပ်ကွက် ဦးတင်မောင်-ဒေါ်ကြည် တို့၏သမီး ... ဦးမောင်မြင့်-ဒေါ်တင်ရီ ... အသွားသည် ၈-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ နာရီတွင် ... ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ... ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ -၅-၂၀၁၃ ရက် (စနေနေ့) နံနက်တွင် အမှတ် ၃၂၆၊သုခမိမ်း၊(၂၀)ရပ်ကွက် ရှပေါက်ကံမြို့သစ်နေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခံထူခြင်း

မက်မူ

မြင့်ဦး

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တာမွေဆုတောင်းပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်

သန်လျင်ဆုထူးဓမ္မဝါးတောမြတ်မွန်ဝေဠုဝန်မွေ့ရိပ်သာ

ဆုထူးပန် သီရိမင်္ဂလာဗုဒ္ဓန်တော်ပရဟိတ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့၏

ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်သာသနာ့ဝါဒ ဗုဒ္ဓသာသနာပြုပြည်ဝါဒါစရိယ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တသလ္လာပဏ္ဍိတ မဟာထေရ်မြတ်ကြီး

သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်နှင့် သန်လျင်မြို့ ကျောင်းတိုက်ကြီးနှစ်တိုက်တို့၏ဦးစီးပဓာန မဟာနာယက၊ မြို့နယ်သံဃနာယက(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တသလ္လာပဏ္ဍိတ မဟာထေရ် (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါသည် (၁၃၇၅ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၄ရက်) ၂၈-၄-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ (၁၃၇၅ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ရက်) ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးမောင်မောင်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရိယမဂ္ဂင်လမ်းနေ (ဗိုလ်မှူးညွန့်လွင်)-ဒေါ်စန်းစန်းလွင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်နေ ဗိုလ်မှူးမောင်အေး-ဒေါ်ဌေးဌေးတို့၏အစ်ကို၊ ဦးခင်မောင်သောင်း-ဒေါ်ဝင်းမာ၊ ဦးဉာဏ်ဝင်း-ဒေါ်မိုးမိုးမောင်၊ ဒေါ်စိုးစိုးမောင်၊ ဒေါ်ဝေဝေမောင်(မြနှင်းဆီအထည်ဆိုင်)၊ ဦးညီညီမောင်-ဒေါ်နုနုအေး (မြနှင်းဆီ မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုးနှင့် ပရိဘောဂရောင်းဝယ်ရေး)၊ ဦးဝင်းဝင်းမောင်-ဒေါ်မေသူလွင်၊ ဦးတင်မောင်မောင်-ဒေါ်မြင့်မြင့်သော်တို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏အဘိုး၊မြစ်ရှစ်ယောက်တို့၏အဘေး၊ ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယကာနှင့်မိတ္ထီလာမြို့ သမိုင်းဝင် နဂါးရုံမဟာဗောဓိစေတီတော်ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်သည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီး ... (ငြိမ်း)

ဝမ်းနည်းကြေကွဲခြင်း

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးသန်းရွှေ (ငြိမ်း)

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦးမြင့်လွင်(ခ)

Bryan D'silva

MICB

ဦး...စိုး

MEPE ဌာနစုမှူး(ငြိမ်း)

အသက်(၇၃)နှစ်

ရန်ကုန်မြို့ ...ဂုမြို့သစ်(မြောက်ပိုင်း)

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဒေါ်လီယိုနီ...(ခ)

မစ္စစ်...မြင့်

ဦးသန်း...

(Central Tower)

ဒေါ်သီတာလွင်

ဒေါ်ခင်ဦး

ဦးဇော်ဝင်း

ဒေါ်လှသန်း

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နာရီနီး(ခ)ဒေါ်ရီ

ဒေါ်ခင်မာအေး

ဦး...အေး

ဒေါ်လှမြင့်

B.Com (AA)

ဒေါ်လှမြင့် (...တင်း)

...ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန် ...လမ်းဟော် ၊ ခရေပင်ထမ်ခွဲ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် စာတည်းမှူး ၀၆၇-၃၆၁၀၂၊ စာထည်းအဖွဲ့ ၆၇-၃ ၄၅၊ ဖက်စ် ၀၆၇- ၄၆ မေးလ် ...alin ...t @gmail.com ... ကုန်ရုံးခွဲ-အမှတ်(၅၃) နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ...မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ် ၄၀ ...တည်း... ၀၁-၅၄၄၃၀၉ မန်နေဂျာ ...၁၄၊ စီမံ ၀၁-၅၄၄၃ ၅ ငွေစာရင်း ၀...၅၄ ၃၁၆ ...ချိရေး ...၅၄၄ ၁၇ ... R/488

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့တီမောဝန်ကြီးချုပ်၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် ESCAP အမှုဆောင်အတွင်းရေးမှူးတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အစည်းအဝေးသို့တက်ရောက်ပြီး အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jan Eliasson နှင့် ESCAP အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer တို့အား ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ထိုင်းနိုင်ငံရှိ ESCAP အဆောက်အအုံညီခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့၌ ရောက်ရှိနေသော အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao နှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အရှေ့တီမောနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုပါဝင်နိုင်မည့် အလားအလာများကို ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr. Jan Eliassonနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ပြောင်းလဲတိုးတက်မှုများကို အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းသည် မြန်မာပြည်သူများ၏ *စာမျက်နှာ ၉ ကော်လံ ၁*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့တီမောဝန်ကြီးချုပ် H.E. Mr. Hanana Gusmao အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

လူမျိုးစုနှစ်စုအကြား အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ စာမျက်နှာ ➤ ၆

သဟဇာတရှိသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည် စာမျက်နှာ ➤ ၇

သေကံမရောက် အသက်မပျောက်

ခုနစ်လွှာတိုက်ခန်းမေါ်မှ ပြုတ်ကျသော်လည်း အသက်မသေ

ရန်ကုန် ဧပြီ ၂၉

ခုနစ်ထပ်တိုက်အပေါ်ဆုံးမှ အသက် (၁၄)နှစ်ရွယ် ကျောင်းသူလေး မြေကြီးပေါ်ပြုတ်ကျခဲ့သော်လည်း ကံကောင်းထောက်မစွာ သေကံမရောက် အသက်မပျောက်ဖြစ်ခဲ့သည့်ထူးခြားဖြစ်စဉ်တစ်ခု ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ထလေး (အရှေ့)ရပ်ကွက် ၉၄ လမ်း တိုက်အမှတ်(၉၄) ခုနစ်လွှာ ဝဲဘက်ခြမ်းအခန်းတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါတိုက်ခန်းနေ ဦးထွန်းထွန်း-ဒေါ်မေစန်းဦးတို့၏ သမီး မဖြိုးပွင့်ဖြူ (ခ) မဘို့မ (၁၄ နှစ်)သည် မွေးနေ့ကြို အထိမ်းအမှတ်အဖြစ် သူငယ်ချင်းအပေါင်းအသင်းများအား ညနေဘက်ဧည့်ခံကျွေးမွေးရန် ဖိတ်ကြားထားသည့် သူငယ်ချင်းများရောက်ရှိမလာခင် မိဘများအား ဝိုင်းကူသောအားဖြင့် လျှော်ဖွပ်ပြီးခြင်ထောင်ကို အိမ်ရှေ့ဝရန်တာဝါးလုံးတန်းတွင်နေလှန်းစဉ် သစ်သားတန်းဆွဲနေပြီး အရှိန်လွန်ကာ ဝါးလုံးကျိုး၍ အောက်သို့ပြုတ်ကျခြင်းဖြစ်သည်။

ဝရန်တာတည်ဆောက်ထားပုံမှာ အလွန်နိမ့်ပြီး အမြင့်နှစ်ပေခန့်သာရှိသည့်အပြင် သံပန်းအကာအရံများလည်း တပ်ဆင်ထားခြင်းမရှိသည်ကိုတွေ့ရသည်။ ခုနစ်လွှာတိုက်ခန်းပေါ်မှပြုတ်ကျစဉ် ငါးလွှာမှ နေကာဆန်းရှိတ်ပေါ် တစ်ဆင့်ကျပြီး သွယ်တန်းထားသောမီးကြိုးများဖြင့် အရှိန်ကိုထိန်းသည့်အသွင်ဖြစ်ပြီး အောက်ဆုံးမြေညီတွင်ရပ်ထားသော ပလာတာရောင်းသည့် လက်တွန်းလှည်းခေါင်မိုးပေါ်ကျပြီးမှ *စာမျက်နှာ ၅ ကော်လံ ၅*

မဖြိုးပွင့်ဖြူ ပြုတ်ကျသော ခုနစ်လွှာတိုက်ခန်း အပေါ်ထပ်ကို တွေ့ရစဉ်။

မြန်အောင်ရေနံတင်သင်္ဘော သီလဝါဆိပ်ကမ်းအနီး နစ်မြုပ်

ရန်ကုန် ဧပြီ ၂၉

မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းပိုင် မြန်အောင်ရေနံတင်သင်္ဘောသည် စက်သုံးဆီပို့ဆောင်ပြီးနောက် မော်လမြိုင်ဆိပ်ကမ်းမှ ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရေယာဉ်မှူးဦးစံတင်မောင်းနှင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် Pilot Vessel အား သတင်းပို့ပြီး ရန်ကုန်ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

မြန်အောင် ရေယာဉ်သည် ရေတက်ဖြင့် ရေစုန်ဝင်ရောက်လာပြီး မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်၌ မော်ဝန်းမီးပြဗော်ယာသို့ ကျော်လာချိန်တွင် သီလဝါ MIPL ဆိပ်ကမ်း၌ မော်တော်ကားများချပြီး မြစ်ဝသို့ ပြန်လည်ထွက်ခွာလာသော ရေကြောင်းပြမှူးကြီးဦးမြတ်စိုး (Pilot 39) မောင်းနှင်လာသည့် MV. MALACCA HIGHWAY သင်္ဘော၏ ဦးပိုင်းနှင့် မြန်အောင် သင်္ဘောကြီး ဝဲဘက်အလယ်ပိုင်းအား ထိုက်မိခဲ့သည်။

ယင်းသို့ ထိုက်မိခြင်းကြောင့် မြန်အောင်သင်္ဘောမှာ ထစ်ဖက်သို့ တိမ်းစောင်းသွားပြီး ရေများဝင်ရောက်လာကာ ဒီရေအတက်နှင့်အတူ ရေစုန်တွင် ဆက်လက်မျောပါ၍ Chokey Shoal အရှေ့သောင်ပြင် (သီလဝါ ဆိပ်ကမ်းအနီး) အရောက် ညနေ ၄ နာရီ မိနစ် ၂၀ခန့်တွင် ထဖြည်းဖြည်းစထင်နစ်မြုပ်ခဲ့ပြီး ညနေ ၅ နာရီ၌ လုံးဝနစ်မြုပ်သွားခဲ့သည်။

ရေယာဉ်နစ်မြုပ်သည့် တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉ ဒသမ ၉၆၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ ဒသမ ၅၀၆ မိနစ်ဖြစ်သည်။

မြန်အောင်ရေယာဉ်မှာ အလျား ၆၃ ဒသမ ၅ မီတာ၊ အနံ ၁၃မီတာ၊ ရေစီး ၃ မီတာရှိပြီး ရေယာဉ်အလေးချိန် ၄၉၈ ဒသမ ၀၉တန်ရှိကာ ကုန်ပါ ရေယာဉ်အလေးချိန် စုစုပေါင်း ၁၁၂၅ တန် *စာမျက်နှာ ၈ ကော်လံ ၂*

အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။